# ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်၊ ကြာသပတေးနေ့၊ (20-12-2007) (၅၅၃၇)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့စကားဟာ မျိုးချစ်စိတ်ဓာတ်ကို အဓိကရည်ညွှန်း မျိုးချစ်စိတ်ဓာတ်သည်သာ အင်အားကိုဖြစ်ပေါ်စေတဲ့ တစ်ခုတည်းသော အခြေခံအကြောင်းတရားဖြစ် တိုင်းသူပြည်သားအားလုံး မျိုးချစ်စိတ်ဓာတ်နဲ့ ခိုင်ခိုင်မာမာစည်းလုံးညီညွတ်နေမယ်ဆိုရင် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် စိတ်ချရမှာဖြစ်တဲ့နည်းတူ နိုင်ငံတော်အပေါ် ကျရောက်လာမယ့် မည်သည့်အန္တရာယ်မျိုးကိုမဆို တွန်းလှန်နိုင်မှာဖြစ်



**မိန့်ခွန်းပြောကြား**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၁၉

**တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–**

**ရဲဘော်တို့–**

တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားမှာ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ဟာ တပ်မတော်သား အင်ဂျင်နီယာခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရတော့မှာဖြစ်တဲ့အတွက် အခြေခံအားဖြင့် တပ်မတော်သားကောင်းဖြစ်ကြရမယ်။ ဒါ့အပြင် ခေတ်မီတပ်မတော် တည်ဆောက်ရေးတာဝန်နဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော် တည်ဆောက်ရေးတာဝန်အတွက် အားထားလောက်တဲ့ အင်ဂျင်နီယာအတတ်ပညာရှင်တွေလဲဖြစ်ကြရမယ်။

**ရဲဘော်တို့–**

တပ်မတော်သားကောင်းဖြစ်ဖို့ဆိုတာ တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းသယ်ဆောင်နိုင်စွမ်းရှိရမှာဖြစ်တယ်။

ဒို့တပ်မတော်ဟာ နိုင်ငံနဲ့လူမျိုးအတွက် အသက်ကိုစွန့်ဖို့ အဓိဋ္ဌာန်ပြုထားတဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ သက်ရှိသတ္တဝါတိုင်းက တန်ဖိုးအထားဆုံးအရာဖြစ်တဲ့ အသက်ဆိုတာဟာ ဘယ်လိုအခွင့်အရေးမျိုးနဲ့မှ လဲနိုင်ခြင်းမရှိတဲ့ အရာပဲဖြစ်တယ်။ ဒါကြောင့် အသက်ကိုပင် စွန့်လွှတ်ဖို့ ဝန်မလေးတဲ့ ဒို့တစ်တွေဟာ အရာရာကိုစွန့်လွှတ်နိုင်ကြတယ်။ ကိုယ်ရေးကိုယ်တာကို စွန့်လွှတ်နိုင်တဲ့အတွက်လဲ နိုင်ငံနဲ့လူမျိုးအတွက်

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၂၀-၁၂-၂၀၀၇
(ကြာသပတေးနေ့)

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ် စွန့်စားသည့် စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




## တောင်စခန်းမြို့ လှပဖွံ့ဖြိုးစည်ပင်ရေး ဆက်လက်ကြိုးပမ်း

ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း သုံးထောင်ကျော်တွင်တည်ရှိပြီး အေးမြသော ရာသီဥတု၊ စိမ့်စမ်းရေတံခွန် အသွယ်သွယ်၊ သာယာရှုမငြီးဖွယ် သဘာဝပတ်ဝန်းကျင်နှင့် ရောင်စုံပန်းမန်များ ဖူးပွင့်နေသောကြောင့် ပန်းမြို့တော်အဖြစ် ထင်ရှားသည်။

ပြင်ဦးလွင် တောင်စခန်းမြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ် အတွင်းရှိ အဆင့်မြင့်သစ်ခွဥယျာဉ်ရှိ ရှားပါးသစ်ခွပန်းများ၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်နှင့် ပြည်တွင်း ပြည်ပ ပန်းရောင်စုံတို့ ဆယ့်နှစ်ရာသီ ဖူးပွင့်ဝေစည်လျက်ရှိရာ လာရောက်လေ့လာ အပန်းဖြေကြသူ ပြည်သူများ၊ ပန်းဝါသနာရှင်များအတွက် ဗဟုသုတလည်းရ ကြည်နူးချမ်းမြေ့မှုလည်း ဖြစ်ကြရသည်။

ယခုတစ်ဖန် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်တွင် ရတနာပုံတယ်လီပို့ကို တည်ဆောက်ထူထောင်လျက်ရှိရာ နိုင်ငံတကာအဆင့်မီ အိုင်စီတီနည်းပညာများဖြန့်ဝေရာ ဗဟိုဌာနတစ်ခု ဖြစ်လာတော့မည် ဖြစ်သည်။ ခေတ်မီသတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖန်တီးဖော်ဆောင်လျက်ရှိရာ ပြင်ဦးလွင်ဒေသ မြို့ပြဖွံ့ဖြိုးမှုသည် ပိုမိုစည်ပင်လာတော့မည်ဖြစ်သည်။

ယင်းသို့ ပြောင်းလဲတိုးတက်လာမှု အခြေအနေများနှင့်အညီ ပြင်ဦးလွင်မြို့နှင့် ရတနာပုံမြို့သစ် ရေရရှိရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဆင်လမ်းရေလှောင်တမံ၊ ဒိုးကွင်ရေလှောင်တမံနှင့် စည်သာရေလှောင်တမံ စသည်တို့သည် ပြင်ဦးလွင်ဒေသကို သောက်သုံးရေ ဖြည့်ဆည်းပေးဝေနိုင်မည့်အပြင် ဆည်ရေသောက်စပါးနှင့် သီးထပ်သီးနှံများလည်း တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

ထို့အပြင် ပွဲကောက်ရေလှောင်တမံစီမံကိန်း၊ ပြင်စာရေလှောင်တမံစီမံကိန်းနှင့် အခြားစီမံကိန်းများကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိရာ ပြင်ဦးလွင်မြို့ကိုသာမက နောင်ဖြစ်ပေါ်စည်ကားလာမည့် ရတနာပုံမြို့သစ်အတွက်ပါ သောက်သုံးရေများ အပြည့်အဝရရှိမည်ဖြစ်သည်။

နိုင်ငံတော်က ပြင်ဦးလွင်ဒေသ၌ ခေတ်မီ အခြေခံအဆောက်အအုံများ၊ ဆည်တမံများ တိုးချဲ့တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိရာ ပန်းမြို့တော် ပြင်ဦးလွင်၏ သဘာဝအလှအပ ရှုခင်းများနှင့်အတူ တောင်စခန်းမြို့၏ မြို့ပြစည်ပင်ဖွံ့ဖြိုးမှုများ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။ ။




**နှစ်ဖက်မိဘများအား ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ၄၁ ရပ်ကွက်နေ ဦးမြင့်သိန်း-ဒေါ်ခင်သန်းမြင့်၊ သား ဗိုလ်ကြီးဖြိုးဝေမြင့် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဆေးရုံ ဒု-အုပ်ချုပ်ရေးမှူး ဦးလှရှိန် လက်ခံယူစဉ်။** (က-ပ)

## အထူးဈေးရောင်းပွဲတော်များ ဖွင့်လှစ်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို ဧရာဝတီတိုင်း မြောင်းမြမြို့ ဗိုလ်ဗထူးလမ်း၌ ဒီဇင်ဘာ ၁၈ ရက်မှ ၂၅ ရက် အထိလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဒီဇင်ဘာ ၂၁ ရက်မှ ၂၇ ရက်ထိ လည်းကောင်း၊ မန္တလေးတိုင်း သာစည်မြို့ မြန်မာ့မီးရထား အားကစားကွင်း၌ ဒီဇင်ဘာ ၂၄ ရက်မှ ၃၀ ရက်ထိလည်းကောင်း၊ ဧရာဝတီတိုင်း ဟင်္သာတမြို့ ကျောက်တော်ကြီးဘုရားဝင်း၌ ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ ရက်ထိလည်းကောင်း ကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ (က-ပ)

## သန်လျင် အထက-၂ မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

သန်လျင်မြို့ အမှတ် ၂ အခြေခံပညာ အထက်တန်းကျောင်း (ယခင်မက် သဒစ်အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက-၂ ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ စစ်ကြိုခေတ်မှ ၂၀၀၇ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး (မပျက်မကွက်) တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးဌေးဝင်း (နီလာမင်းရွှေဆိုင်-မြို့မဈေး-သန်လျင်) ဖုန်း-၀၉-၅၀-၁၅၀၂၁၊ ဦးခင်မောင်ပြုံး (ပြုံးပြုံးလေးစတိုး) မြို့မဈေး-သန်လျင်)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ဖြူးမဟာစည် သိမ်ဆောက်လုပ်လှူဒါန်းမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၅) ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ပဓာန နာယက ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ သီတင်းသုံးတော်မူရာ ကျောင်းတိုက်အတွင်း၌ သာသနဝုဓ္ဓိကာရီသိမ်တော်ကို အသစ်ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ သာသနာကြုံတုန်း အင်မတန်ရခဲသော သိမ်ဒါယကာ၊ ဒါယိကာမများ ဖြစ်ရလေအောင် စုပေါင်းပါဝင် လှူဒါန်းနိုင်ပါကြောင်းနှင့် ရိပ်သာဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆ (လိုင်းခွဲ)၁၈၁၊ ၀၉ ၅၀၁ ၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)




## ရန်ကုန်တိုင်းစာရင်းရုံးမိသားစု စတုတ္ထအကြိမ် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်း စာရင်းရုံးမိသားစု စတုတ္ထအကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ကျင်းပရာ သွေးလှူရှင်ဦးရေ ၃၀ လာရောက်လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းပွဲတွင် ညွှန်ကြားရေးမှူး ဦးသိန်းနှင့် ဒုတိယ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများက အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရန်ကုန်ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်နုနုသာနှင့် အမျိုးသားသွေးဌာန တာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာ သီတာအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များကလည်း သွေးလှူရှင်များကို အားပေးကူညီကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## အုတ်ရှစ်ပင်အထက အာစရိယပူဇော်မည်

**ပဲခူး ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် အုတ်ရှစ်ပင် အထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက် (စနေနေ့)တွင် အုတ်ရှစ်ပင်အထက၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်နိုင်ပါကြောင်းနှင့် အလှူငွေနှင့် ပစ္စည်းထည့်ဝင်လှူဒါန်းလိုသူများ ဦးမြင့်သိန်း (၀၅၃-၂၅၆၅၂၊ လိုင်းခွဲ-၄၈၁)၊ ဦးမောင်ထူး(ရွှေအိုရောင်စတိုး)(လိုင်းခွဲ-၂၇၆)၊ ဦးဇော်မင်းထွန်း(လိုင်းခွဲ-၂၄၅)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ **China Direct Broadcast Satellite Co, Ltd** မှ **Vice President, Mr. Huang Baozhong** နှင့် **Project Manager, Mr. Li Xiaolong** တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Direct Broadcast Satellite Co.,Ltd. မှ Vice President, Mr. Huang Baozhong နှင့် Project Manager, Mr. Li Xiaolong တို့သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဧည့်ခန်းမသို့လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)

# နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနပိုင် စက်ရုံတစ်ရုံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပိုင် ဆန်စက်၁၀စက်နှင့် ဖွဲနုဆီစက်ခြောက်စက်တို့ကို ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်သည်။

ထိုသို့ရောင်းချရာတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာနပိုင် လောင်းလုံမြို့ ကျောက်နီမော်ကျေးရွာရှိ အအေးခန်းနှင့် ရေခဲစက်ရုံသည် ၁၁ ဒသမ ၉၉ကေရှိပြီး ကြမ်းခင်းဈေး ငွေကျပ်၉၀ ဒသမ ၇၆သန်းဖြင့်လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကုတို့ဆိပ်ရပ်ကွက်ရှိ ဆန်စက်အမှတ်(၂၁၂) ၇၅တန်ကျ (အဆောက်အအုံ၊ စက်နှင့်စက်ကိရိယာပစ္စည်းသာ)ကို ကြမ်းခင်းဈေးငွေကျပ် ၂၅၅ ဒသမ ၀၆၆ သန်း၊ ပဲခူးတိုင်းပဲခူးမြို့ ကမာနတ်ကျေးရွာရှိ ဆန်စက်အမှတ်(၁၃၂) ၂၅တန်ကျသည် ၂၂ ဒသမ ၂၇ ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၆၁၀ ဒသမ ၅၀၉သန်း၊ ပဲခူးတိုင်း ကျောက်တံခါးမြို့ မူခရမ်းကျေးရွာရှိ ဆန်စက်အမှတ်(၅၃၅) တန်၁၀၀ကျသည် ၁၄ ဒသမ ၅၉ကေရှိပြီး ကြမ်းခင်းဈေး ငွေကျပ်၄၃၉ ဒသမ ၀၇သန်း၊ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ရှိ ဆန်စက်အမှတ်(၅၁၁) ၇၅တန်ကျသည် ၅ ဒသမ ၅၄၀ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ်၈၄၄ ဒသမ ၈၄၀သန်း၊ ဧရာဝတီတိုင်း ဘိုကလေးမြို့ရှိ ဆန်စက်အမှတ်(၄၉၁) ၇၅တန်ကျသည် ၄ ဒသမ ၄၇၀ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၅၇၉ ဒသမ ၆၅၃သန်း၊ ဧရာဝတီတိုင်း ဂလက်စပီရက် ပုသိမ်မြို့ရှိ ဆန်စက်အမှတ်(၀၁) ၇၅တန်ကျသည် ၁၅ ဒသမ ၃၇၄ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ်၁၉၈ ဒသမ ၀၀၅သန်း၊ ဧရာဝတီတိုင်း မြောင်းမြမြို့ရှိ ဆန်စက်အမှတ် (၉၃၃) တန်၂၅၀ကျ (အဆောက်အအုံ၊ စက်နှင့်စက်ကိရိယာပစ္စည်းသာ) ကို ကြမ်းခင်းဈေးငွေကျပ် ၁၃၄ ဒသမ ၇၇၁ သန်း၊ ဧရာဝတီတိုင်း မအူပင်မြို့ရှိ ဆန်စက်အမှတ် (၆၉၉) တန် ၁၀၀ကျသည် ၃၅ ဒသမ ၅၀၀ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၃၇၉ဒသမ ၁၇၅သန်း၊ ဧရာဝတီတိုင်း ကျိုက်လတ်မြို့ရှိ ဆန်စက်အမှတ် (၅၅၇) တန် ၅၀ကျသည် ၂ ဒသမ ၈၂၀ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၁၉၂ ဒသမ ၁၀၄သန်းနှင့် ဧရာဝတီတိုင်း နောက်ပြန်ဒိုး ဒေးဒရဲမြို့ရှိ ဆန်စက်အမှတ် (၆၆၈) တန် ၅၀ကျသည် ၁၁ ဒသမ ၇၈၀ကေရှိပြီး ကြမ်းခင်းဈေး ငွေကျပ်၅၉၀ ဒသမ ၃၆၃သန်းတို့ဖြင့်လည်းကောင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)ဇီးကုန်းမြို့ ရန်ကုန်-ပြည်လမ်းအမှတ် (၅)ရပ်ကွက်ရှိ ဖွဲနုဆီစက်အမှတ် (၁၈)သည် ၁၀ ဒသမ ၆၃၇ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၃၃၁ ဒသမ ၆၄၆သန်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) လက်ပံတန်းမြို့ အမှတ်(၁)(က)မအူကုန်းအောက်ရပ်ရှိ ဖွဲနုဆီစက်အမှတ် (၀၇)သည် ၈ ဒသမ ၆၁ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၁၉၁ ဒသမ ၆၄၂သန်း၊ ဧရာဝတီတိုင်း မြောင်းမြမြို့ရှိ ဖွဲနုဆီစက် အမှတ် (၁၅)၁၅တန်ကျ (အဆောက်အအုံ၊ စက်နှင့်စက်ကိရိယာပစ္စည်းသာ)ကို ကြမ်းခင်းဈေးငွေကျပ် ၂၆ ဒသမ ၆၁၇သန်း၊ ဧရာဝတီတိုင်း ကျိုက်လတ်မြို့ရှိ ဖွဲနုဆီစက် အမှတ် (၁၃)၁၅တန်ကျသည် ၁ ဒသမ ၃၉ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၂၇၅ ဒသမ ၅၆၂သန်း၊ ဧရာဝတီတိုင်း ဟင်္သာတမြို့ရှိ ဖွဲနုဆီစက် အမှတ် (၀၅) ၂၅တန်ကျသည် ၁၂ ဒသမ ၀၁ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၅၇၈ ဒသမ ၀၃၃သန်းနှင့် ပဲခူးတိုင်း ဖြူးမြို့ ဝဲဒေါင့်ကျေးရွာရှိ ဖွဲနုဆီစက် အမှတ် (၁၉)သည် ၇ ဒသမ ၁၇ကေရှိပြီး ကြမ်းခင်းဈေးငွေကျပ် ၃၈၃ ဒသမ ၁၈၈သန်းတို့ဖြင့်လည်းကောင်း ရောင်းချမည်ဖြစ်သည်။

ဝယ်ယူလိုသူပုဂ္ဂိုလ်/အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ဒီဇင်ဘာ ၁၄ရက်မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်)၌ ဝယ်ယူနိုင်ပြီး ယင်းအဆိုပြုလွှာများကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင်သာ (တစ်ရက်တည်း)နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

ဝယ်ယူရန်အဆိုပြုသူများအနက် မူလပိုင်ရှင်သည် တိုင်းရင်းသားဖြစ်ပြီး အများဆုံးဈေး နှုန်းပေးသူနှင့် တူညီစွာပေးနိုင်ပါက ဦးစားပေးစဉ်းစားမည်ဖြစ်ပြီး မူလပိုင်ရှင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားတင်ပြရမည်ဖြစ်သည်။ မူလပိုင်ရှင်မဟုတ်ပါက အများဆုံးပေးဝယ်မည့် တိုင်းရင်းသားများအား ဦးစားပေးမည်ဖြစ်သည်။

လျှောက်ထားသူများသည် သတ်မှတ်ထားသောပုံစံတွင် ဖြည့်စွက်လျှောက်ထားရန်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် ၃၂ နေပြည်တော်) ဖုန်း- ၄၀၆၀၆၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။ (သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၂-၂၀၀၇ (ကြာသပတေးနေ့)**

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | အလုပ်ပေးတရားတော်များ(တတိယပိုင်း) (ဆရာတော် အရှင်ပုညာနန္ဒ) |
| ၈း၀၀-၂း၀၀ | နိဗ္ဗာန်ဆီသို့---အမေးအဖြေများ |
| ၈း၂၅-၂း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀-၂း၃၀ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၅-၂း၅၅ | ကျုံးကူးမှသည် ကျုံးကူးဆီသို့ (ဧရာဝတီတိုင်း၊ငပုတောမြို့နယ်) |
| ၉း၀၅-၃း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅-၃း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀-၃း၂၀ | ရောင်ခြည်ရဲ့စွမ်းအား Solar Cell များ |
| ၉း၃၀-၃း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၃၅-၃း၃၅ | သီးနှံစိုက်ပျိုးအထွက်တိုး "ဆောင်းရာသီပဲတီစိမ်းပန်းတိုင်" |
| ၉း၄၀-၃း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၄၅-၃း၄၅ | သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း-၂၀) |
| ၁၀း၁၅-၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀-၄း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၃၀-၄း၃၀ | အိမ်တွင်းစီးပွားမုန့်လုပ်နည်းပညာများ "သဘော်အကြွပ်ယိုပြုလုပ်ရအောင်" |
| ၁၀း၄၅-၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀-၄း၅၀ | ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခဒေါက်တာမြင့်သိန်း၊ဒေါက်တာကျော်စွာအောင်) |
| ၁၁း၁၀-၅း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၅-၅း၁၅ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ'အိုင်းရစ်'နှင့်တွေ့ဆုံခြင်း)(အပိုင်း-၂) |
| ၁၁း၃၅-၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀-၅း၄၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ(ရယ်စရာ မောစရာ) |
| ၁၂း၀၅-၆း၀၅ | စိတ်ဝင်စားစရာကျောက်မျက်ကမ္ဘာ (တော်ဝင်ရတနာကျောက်မျက်နီလာ)(အပိုင်း-၂) |
| ၁၂း၄၅-၆း၄၅ | သွေးလှူရှင်များနေ့ |
| ၁၂း၅၅-၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ရန်ကုန်/မန္တလေး ဈေးသဘော်ထွက်ခွာမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေး ဈေးသဘော်ခေါက်ရေ(၃)"မြဧရာ" ရေယာဉ်သည် ဒီဇင်ဘာ ၂၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင်အမှတ် (၆)တံတားမှ မန္တလေးမြို့သို့ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် -၀၁-၂၉၂၁၉၉၊ ၂၉၂၃၁၉တို့သို့ လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များ၌ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်)၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၂၉ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ကျင်းပမည်ဖြစ်ရာ ရန်ကုန်မှ အသင်းဝင်ဆရာဝန်များ တက်ရောက်ကြရန်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မီးဘေးရှောင် မလောင်ခင်တား

# စက်မှုတက္ကသိုလ် ကျောင်းသားဟောင်းများ ပဥ္စမအကြိမ် ညစာစားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၂-၇၈)ခုနှစ် ဘာသာရပ်ပေါင်းစုံ ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် မိတ်စုံညစာစားပွဲကို ဒီဇင်ဘာ ၂၉ ရက်ညနေ ၆ နာရီတွင် ဘုရင့်နောင်လမ်းဆင်မလိုက်ရေကြောင်းသိပ္ပံကျောင်းရှေ့ရှိ Lion City Restaurant ၌ ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါကဦးကျော်ဝင်း၀၁-၂၂၈၄၃၈၊ ဦးဝင်းငွေ ၀၉၈၀ ၃၀၃၂၆၊ ဦးအောင်လှချစ် ၀၉၅၀ ၀၅၀၅၈၊ ဦးလှမြင့် ၀၉၅၀ ၀၁၁၂၃၊ ဦးရွှေသိန်းကျော် ၀၉၅၀ ၀၂၇၉၅၊ ဦးသန်းညွန့် ၀၁-၇၁၁၇၇၃၊ ဦးလှမင်း ၀၂-၃၈၁၈၇၊ ဦးခင်မောင်ထွန်း (ထက်လင်း) ၀၉၅၀ ၀၁၄၇၉၊ မလှလှမြင့် ၀၁-၅၃၇၈၉၆၊ မကြည်ငွေ ၀၁-၅၃၈၈၆၁ ထံသို့ ဆက်သွယ်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၂-၂၀၀၇ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇း၀၀ | ၁။ မြဝတီအဖွင့် |
| ၇း၀၅ | ၂။ အဖွင့်သီချင်း |
| ၇း၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄း၀၀ | ၁။ မြဝတီအဖွင့် |
| ၄း၀၅ | ၂။ အဖွင့်သီချင်း |
| ၄း၂၀ | ၃။ အမျိုးသားရေးတေးကဗျာ |
| ၄း၃၀ | ၄။ မြန်မာသံစဉ်ချိုနားဝင် |
| ၄း၄၅ | ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၅း၀၀ | ၆။ အမျိုးသားရေးတေးကဗျာ |
| ၅း၂၀ | ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၅း၃၀ | ၈။ မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၄၅ | ၉။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ **ကာတွန်းအစီအစဉ် ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၆)** |
| ၆း၃၅ | ၁၃။ အမျိုးသားရေးတေးကဗျာ |
| ၆း၄၀ | ၁၄။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၁၈)** |
| ၈း၀၀ | ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ မိုးလေဝသသတင်း |
| | ၁၈။ အမျိုးသားရေးတေးကဗျာ |
| | ၁၉။ ကုန်သွယ်သုတ |
| | ၂၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ |
| | ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ပြည်ချစ်သူရဲကောင်း" (အပိုင်း-၁၆)** |
| | ၂၃။ သင့်အတွက်မနက်ဖြန် |
| | ၂၄။ အပိတ်နှုတ်ဆက်စကား |
| | ၂၅။ ပြီးပါပြီ။ |

# အင်္ဂလိပ်စကားပြော ပညာဒါနသင်တန်း ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် မလိခအိမ်ရာအနီး လေးထောင့်ကန်လမ်း (ဘဝမြှင့်မှတ်တိုင်) ရတနာသိဒ္ဓိပရိယတ္တိစာသင် တိုက်တွင် ပညာဒါနအဖြစ် အဆင့်မြင့်အင်္ဂလိပ် စကားပြောသင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းတွင် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုသင်တန်းမှူး ဆရာတော်အရှင်ကဝိဓဇ B. Com က တာဝန်ယူသင်ကြားသွားမည်ဖြစ်ပြီး ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းသို့ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ၊ တက္ကသိုလ်တက်နေသူများ၊ ဘွဲ့ရပြီးသူများ၊ အလုပ်ခွင်ဝန်ထမ်းများ တက်ရောက်နိုင်သည်။ သင်တန်းချိန်နှင့် နေ့ရက်များကိုလည်း အများတက်နိုင်ရန် နေ့စဉ်တန်း၊ အပတ်စဉ်တန်း နံနက်၊ ညနေခွဲခြားထားပြီး ၂၀၀၈ခုနှစ် ပထမပတ် သင်တန်းကာလမှာ ဇန်နဝါရီနှင့် ဖေဖော်ဝါရီ နှစ်လဖြစ်ပြီး ဖုန်း-၅၆၀၇၄၃ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)



ဂျပန်နိုင်ငံ ရှိမိုနိုဆက်ကီးဆိပ်ကမ်းတွင် ငါးဖမ်းသင်္ဘောများ ဆိုက်ကပ်ထားသည်ကို ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ပိုလန်ဝန်ကြီးချုပ်သစ်က အီရတ်ရှိ ပိုလန်တပ်ဖွဲ့များအား ၂၀၀၈ခုနှစ် အောက်တိုဘာလတွင် ရုပ်သိမ်းရန်လိုလားဟုပြောကြား

**ဝါဆော ဒီဇင်ဘာ ၁၈**

ပိုလန် ဝန်ကြီးချုပ်အသစ်ဖြစ်သူ ဒေါ်နယ်တပ်စ်က အီရတ်နိုင်ငံရှိ ပိုလန် တပ်ဖွဲ့ဝင်များကို ၂၀၀၈ခုနှစ် အောက်တို ဘာလတွင် ပြန်လည်ရုပ်သိမ်းရန် လိုလားကြောင်း စနေနေ့က ပြောကြား သည်။

ပိုလန်အစိုးရက ပိုလန်စစ်ဘက် တပ်ဖွဲ့ဝင်များ ၂၀၀၈ခုနှစ် အောက်တို ဘာလတွင်အပြီးသတ် ရုပ်သိမ်းစေမည့် လုပ်ရှားမှုတစ်ရပ်ကို တင်သွင်းထား သည်ဟု ပိုလန်ရုပ်မြင်သံကြားက ဖော်ပြ သည်။

ပိုလန်သမ္မတ လက်ဇင်စကီးက မိမိနှင့် သဘောထား မတူညီလင့် ကစားမိမိတို့အနေဖြင့် ယင်းပြဿနာ အပေါ် သဘောတူညီချက် ရရှိနိုင် သည်ဟု မျှော်လင့်ထားကြောင်း ၎င်းက လည်း ပိုလန်စစ်ဘက်မစ်ရှင်များ ရုပ်သိမ်းရေးကိစ္စကို ပိတ်ပင်တားဆီး မည်မဟုတ်ကြောင်း ဆက်လက် ပြောကြားသည်။

သဘောထား ပျော့ပျောင်းသည့် ဝန်ကြီးချုပ်ဒေါ်နယ်တပ်စ်သည် အီရတ် သို့ခရစ္စမတ်မတိုင်မီ အလည်အပတ် သွားရောက်ရန် စီစဉ်နေသည်ဟု ပြောကြားသည်။ အီရတ်တွင် ပိုလန် တပ်ဖွဲ့ဝင် ၉၀၀ဖြန့်ကြက်ထားသည်။

တပ်စ်ကပိုလန်တပ်ဖွဲ့ဝင်များ ၂၀၀၈ ခုနှစ်အတွင်း ရုပ်သိမ်းရန် ပါလီမန်၌ မိန့်ခွန်းပြောကြားရာတွင် ကတိကဝတ် ပေးခဲ့သည်။ သို့ရာတွင် ရက်စွဲကိုဖော်ပြ ခြင်းမရှိပေ။

ပိုလန်သမ္မတ လက်ဇင်စကီးက တပ်စ်၏ပြောကြားချက်နှင့်ပတ်သက်၍ ချက်ချင်း ဝေဖန်ချက် မပေးသေးဟု ဆိုသည်။

**အမ်အင်အေ၊ရိုက်တာ။**

# ဗြိတိသျှစစ်သင်္ဘောဆိုက်ကပ်ရန် မေတ္တာရပ်ခံမှု ဥရုဂွေးအစိုးရ ပယ်ချ

**မွန်တီဗီဒီယို ဒီဇင်ဘာ ၁၈**

မာဗီးနပ်စ်ကျွန်းသို့ ဦးတည်ခုတ် မောင်းလာသည့် ဗြိတိသျှစစ်ရေယာဉ် တစ်စင်းက မွန်တီဗီဒီယို ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ရန် မေတ္တာရပ်ခံ ချက်ကို ဥရုဂွေးအစိုးရက ပယ်ချလိုက် ကြောင်း နိုင်ငံခြားရေးဝန်ကြီး ရီနယ် ဒိုကာဂါနိုက ကြာသပတေးနေ့တွင် ပြောကြားသည်။

မွန်တီဗီဒီယိုဆိပ်ကမ်းတွင်ဝင်ရောက် မည့်အစီအစဉ်ကို ခွင့်ပြုပေးမှုသည် မာဗီးနစ်ပ်ကျွန်း၏ အချုပ်အခြာ အာဏာကို ထိန်းချုပ်မည့်လုပ်ရပ်ဖြစ် သည်ဟု ၎င်းက သတင်းထောက် များသို့ ပြောကြားသည်။

မာဗီးနပ်စ်ကျွန်း (ဖောက်ကလန် ကျွန်း) စစ်ပွဲပြီးစီးပြီးနောက် သဘော တူညီချက်အရ ဗြိတိသျှစစ်သင်္ဘော များကို ဥရုဂွေးဆိပ်ကမ်းသို့ လူလူချင်း စာနာသည့် အကူအညီပေးမှု အရ ဝင်ရောက်နားစေခဲ့သည်။

အာဂျင်တီးနားသမ္မတ ခရစ္စတီနာ ဖာနန်ဒက် အာဏာရရှိခဲ့ပြီးနောက် နားလည်မှု မလွဲမှားစေရေးအတွက် ဥရုဂွေးအစိုးရက ဆိပ်ကမ်းကပ်ခွင့် ပယ်ချခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနားသမ္မတသစ်က မာဗီး နပ်စ်ကျွန်း၏ အချုပ်အခြာအာဏာကို အာဂျင်တီးနားနိုင်ငံက ပိုင်ဆိုင်သည်ဟု အခိုင်အမာ ပြောကြားသည်။ အဆိုပါ ကျွန်းကို ဗြိတိန်အစိုးရက ဖောက် ကလန်ကျွန်းဟု ခေါ်ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ။**




# တောင်ကိုရီးယား ရေနံယိုဖိတ်မှု ကူညီရန် ကုလသမဂ္ဂအဖွဲ့ စေလွှတ်

**ဂျီနီဗာ ဒီဇင်ဘာ ၁၈**

တောင်ကိုရီးယားနိုင်ငံတွင် ဟီဘိုင် စပီရစ်ရေနံတင်သင်္ဘောမှ ရေနံယိုဖိတ်မှု ကို ကူညီဖြေရှင်းရန် ကုလသမဂ္ဂက သဘာဝပတ်ဝန်းကျင် ကျွမ်းကျင်သူ ရှစ်ဦးကို စေလွှတ်ခဲ့သည်။

တောင်ကိုရီးယားအာဏာပိုင်များ သည် နိုင်ငံတကာ အထောက်အပံ့ ရရှိရေး အကူအညီ တောင်းခံမှုအရ ကုလသမဂ္ဂမှ ကျွမ်းကျင်သူ လေးဦးနှင့် ဥရောပကော်မရှင်မှ လေးဦးဖြင့် ပါဝင် ဖွဲ့စည်းထားသည့် အကဲဖြတ်အဖွဲ့ကို စေလွှတ်ခဲ့ကြောင်း ကုလသမဂ္ဂပြောခွင့် ဆိုခွင့်ရအမျိုးသမီး အဲလီစဘက်က သောကြာနေ့တွင်ပြောကြားသည်။

လွန်ခဲ့သည့်သီတင်းပတ်က ရေနံ တင် သင်္ဘောနှင့် တိုက်မိပြီး ရေနံ တန်ချိန် ၁၀၀၀၀ တင်ဆောင်လာသော သင်္ဘောမှ ရေနံများပင်လယ် တွင်းသို့ ယိုဖိတ်မှုဖြစ်ပွားခဲ့သည်။

ရေနံယိုဖိတ်မှုကို ရှင်းလင်းရာတွင် ကြိုတင်ပြင်ဆင်မှုမရှိခြင်း၊ ရှင်းလင်း ရေး ပစ္စည်းကိရိယာများ လုံလောက်မှု မရှိခြင်းတို့ကြောင့် ရေနံများ ပိုမိုပျံ့နှံ့ ခဲ့ရကြောင်း ရေကြောင်းသွားလာ ရေးဝန်ကြီးဌာနက ဝန်ခံ ပြောကြား သည်။

ကုလသမဂ္ဂနှင့် ဥရောပကော်မရှင် ကျွမ်းကျင်သူ ပညာရှင်များက ကမ်းရိုး တန်းတစ်လျှောက် ရှင်းလင်းရေး အတွက် လိုအပ်သောပစ္စည်းကိရိယာ များကို တွက်ချက်ပေးမည်ဖြစ်ကြောင်း ပြောရေး ဆိုခွင့်ရှိသူက ပြောကြား သည်။

**အမ်အင်အေ၊ရိုက်တာ။**



ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် ရေကြီးနေသည်ကို ဒီဇင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အိန္ဒိယတွင် ရထားနှင့်ဘတ်စ်ကား တိုက် ခရီးသည် ၁၇ ဦး သေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၁၈**

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း တွင် ရထားသံလမ်း ဖြတ်ကူးသည့် နေရာ၌ ဘတ်စ်ကားနှင့် ခရီးသည် တင်ရထားတို့ တိုက်မိရာ ၁၇ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။

ပန်ဂျပ်ပြည်နယ် မိုဂါဒေသတွင် ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က ကျောင်းသားနှင့် ဆရာ၊ ဆရာမများ လိုက်ပါလာသည့် ဘတ်စ်ကားနှင့် ရထားတိုက်မိရာ ကလေးခြောက်ဦး အပါအဝင် ၁၇ ဦးထက်မနည်း သေဆုံးသည်ဟု ရဲတပ်ဖွဲ့က ပြောကြား သည်။

အဆိုပါရထားလမ်းတွင် ရထားခုတ် မောင်းနေစဉ် သံလမ်းဖြတ်သန်းဂိတ်ကို ပိတ်ပင်ထားသော်လည်း ဘတ်စ်ကား သည် ဂိတ်ကိုဝင်တိုက်ပြီး ရထားနှင့် ဆောင့်မိခြင်းဖြစ်ကြောင်း ရထားလမ်း တာဝန်ရှိသူက ပြောကြားသည်။

အခင်းဖြစ်ပွားချိန်က မြူထူထပ်ပြီး မြင်ကွင်း မကြည်မလင်ဖြစ်နေကြောင်း နှင့် ဘတ်စ်ကား မောင်းသူလည်း အမြင်ဝေဝါးလျက်ရှိမည်ဟု ၎င်း၏ ယူဆချက်ကို ပြောကြားသည်။

ဘတ်စ်ကားပေါ်တွင် ခရီးသည် ၃၅ဦးခန့် လိုက်ပါလာပြီး ဒဏ်ရာ ရရှိမှုပြင်းထန်သဖြင့် သေဆုံးသူနှုန်း တိုးလာမည်ဟုခန့်မှန်းရကြောင်း ရဲတပ် ဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# မလေးရှားတွင် ရေကြီး ၂၆ ဦးသေဆုံး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ရ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၉**

မလေးရှားနိုင်ငံတွင် ရေကြီးမှုဖြစ်ပွားသည့်အတွက် ၂၆ဦးသေဆုံးပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ရ ကြောင်း ဒီဇင်ဘာ ၁၈ ရက်ထုတ် မီဒီယာသတင်းများက ဖော်ပြသည်။

နိုင်ငံအလယ်ပိုင်း ရေကြီးရာ ပဟန်ပြည်နယ်သို့ ကယ်ဆယ်ရေးပစ္စည်း ပေးပို့ရာ၌ လမ်းများ ပြတ်တောက်နေ သဖြင့် မလေးရှားလေတပ်ဖွဲ့သည် ပထမဆုံးအကြိမ်အဖြစ်လေယာဉ်များသုံး၍ ဒုက္ခသည်များထံ ကယ်ဆယ်ရေးပစ္စည်းနှင့် ရိက္ခာများ ချပေးရသည်။

မြောက်ပိုင်း ကီလန်တန်ပြည်နယ်မှာ ရေကြီးမှုဒဏ်ခံရကြောင်း၊ ဒုက္ခသည် ၈၀၆၆ဦးသည် ကယ်ဆယ်ရေးစခန်းများ ၌ ခိုလှုံနေရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပဟန်ပြည်နယ်တွင် ရေကြီးသည့်အတွက် အိုးအိမ်မဲ့သူဦးရေသည် ၂၁၀၀၀ အထိ များပြားသည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ။**




# အမေရိကန်သမ္မတအိမ်ဖြူတော်ဝင်းအတွင်း မီးလောင်မှုဖြစ်ပွား

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ သမ္မတအိမ်ဖြူတော်ဝင်းအတွင်း အဆောက်အအုံဟောင်းတစ်ခု၌ ယနေ့ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ဓါတ်ပုံ)**

မီးလောင်မှုဖြစ်ပွားရာနေရာမှာ အိမ်ဖြူတော်အနောက်ဘက်ရှိ အိုင်ဆင်ဟောင်ဝါရုံး အဆောက်အအုံ ဒုတိယထပ်၌ဖြစ်သည်။ အဆိုပါရုံးခန်းသည် အမေရိကန် ဒုတိယသမ္မတ ဒစ်ချေနီ အခမ်းအနားများ ကျင်းပရာ ရုံးခန်းအနီးတွင်ဖြစ်ကြောင်း သိရသည်။

ကြိုတင်ကာကွယ်သည့်အနေဖြင့် အခင်းဖြစ်ပွားရာ အဆောက်အအုံမှ ဝန်ထမ်းများနှင့် ပစ္စည်းများကို တာဝန်ရှိသူများက အဆောက်အအုံ၏အောက်ဘက်သို့ရွှေ့ပေးခဲ့ကြောင်း လျှို့ဝှက်လုံခြုံရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒါရင်ဘလက်ဖို့ဒ်က ပြောကြားသည်။

မီးလောင်ရာနေရာသို့ ကိုလံဘီယာခရိုင် မီးသတ်တပ်ဖွဲ့များရောက်ရှိလာပြီး မီးငြိမ်းသတ်ကြ သည်။ မီးလောင်ကျွမ်းရခြင်းမှာ လျှပ်စစ်ဝါယာကြိုးများ သို့မဟုတ် တယ်လီဖုန်းဝါယာကြိုးဘုတ်များ အတွင်းမှ စတင်လောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း ခန့်မှန်းပြောဆိုနေကြသည်။

မီးလောင်မှုဖြစ်ပွားသည့် အဆောက်အအုံတွင် အုပ်ချုပ်ရေးဌာန၊ ဘတ်ဂျက်ဌာနနှင့် အမျိုးသား လုံခြုံရေးကောင်စီရုံးများ ရှိသည်။ **အင်တာနက်။**

ယခုစာမျက်နှာကို အတည်ယူပါ။

# ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်အား တရုတ် ယဉ်ကျေးမှုသံမှူး တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Wang Ruiqing နှင့် အတွင်းဝန် Mr. Sun Liangnan တို့သည် ဒီဇင်ဘာ ၁၄ရက် နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

**ဆွေးနွေး**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Wang Ruiqing နှင့် အတွင်းဝန် Mr. Sun Liangnan တို့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# မိဂသီလမ်းမိသားစု ဓမ္မပူဇာသဘင် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၂ ရပ်ကွက် မိဂသီလမ်း ဓမ္မသဘင်တွင်မိဂသီမိသားစုတို့၏တတိယအကြိမ်မြောက်တရားပွဲကို သုံးညတိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၂ရက်(စနေနေ့) မေတ္တာအေးဆရာတော် အရှင်သုဇာတ (မဟာစည်)၊ ၂၃ရက် (တနင်္ဂနွေနေ့) ရွှေပြည်ဟိန်းဆရာတော်အရှင်ခေမာသိရိလင်္ကာရ၊ ၂၄ရက်(တနင်္လာနေ့)၌ မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာ အရှင်ကောဝိဒ တို့က ညစဉ်၇နာရီမှစတင်၍ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောကြားမည်ဖြစ်၍ ကြွရောက်တရားနာယူနိုင်ကြောင်းသိရသည်။ (က-ပ)

# ထားဝယ်မြို့မှ ပထမအကြိမ် စက္ခုအလင်းအလှူပွဲ

**သတင်းဆောင်းပါး**
**နီနီစံ(ကြေးမုံ)**

ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများက လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်လျက် ရှိနေသည်။

ယင်းသို့ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၌ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာရှင်ပြည်သူများက လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် ပါဝင်ဖြည့်ဆည်းကူညီလျက်ရှိသည့် အကျိုးပြု လုပ်ငန်းများတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးသော စက္ခုအလင်းအလှူပေးပွဲသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

အမြင်စွမ်းအားချို့တဲ့ခြင်း၊ အမြင်အာရုံဆုံးရှုံးခြင်းတို့ကြောင့် လူတန်းစေ့မဖြစ်ကြရသော ဝေဒနာရှင်များ



**မျက်စိအထူးကု ဆရာဝန်ကြီး များ က လူနာများအား ခွဲ စိတ် ကု သ ပေးစဉ်။**

အဖို့ စက္ခုအလင်း ပြန်လည်ရရှိကြရသဖြင့် ဘဝ၌ကြီးမားသော ပီတိသုခကို ခံစားကြရသည်။ အလှူရှင်များအဖို့လည်း ၎င်းတို့၏ပီတိသုခကို မျှဝေခံစားရသဖြင့် ကြည်နူးချမ်းမြေ့မှုဖြစ်ကြရသည်။ မြင်တွေ့၊ ကြားသိရသူ ပြည်သူများကလည်း သာဓုအကြိမ်ကြိမ် ခေါ်ဆိုကြရသည်။ ကြည်နူးဝမ်းမြောက်ဖွယ် အလှူဒါနပင်ဖြစ်သည်။

ယခုလည်း တနင်္သာရီတိုင်း ထားဝယ်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် အလှူရှင် ထားဝယ်မြို့ ကညွှန့်ရပ် အလယ်လမ်းနေ ဦးကင်းစိန်(သီဟသုဓမ္မ မဏိဇောတဓရ)-ဒေါ်ရီရီစန်း မိသားစုက ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအဖြစ် မျက်စိဝေဒနာရှင်ပြည်သူများအား ဒီဇင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ အခမဲ့ကုသရေး စက္ခုအလင်းအလှူ ပေးခဲ့သည်။

အဆိုပါမျက်စိအခမဲ့ကုသရေး အလင်းအလှူပေးပွဲတွင် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရီ ဦးဆောင်ပြီး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဦးအောင်မြတ်စိုးနှင့် ဆရာဝန်၊ ဆရာမ စုစုပေါင်း ၁၉ဦးတို့က ဒီဇင်ဘာ ၉ ရက်မွန်းလွဲ ၁ နာရီတွင် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင် ၁၃၆၈ဦးတို့ကို စမ်းသပ်ကြည့်ရှု ပေးကြသည်။ ယင်းဝေဒနာရှင်များအနက်မှ ခွဲစိတ်ကုသပေးရမည့် လူနာ ၁၉၁ ဦးတို့ကို ဒီဇင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့၌ ခွဲစိတ်ကုသပေးကြသည်။ မျက်စိအထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအဖွဲ့က နံနက်



**မျက်စိဝေဒနာရှင်များအား အခမဲ့ကုသလှူဒါန်းပွဲတွင်အလှူရှင် သီဟသုဓမ္မ မဏိဇောတ ဓရ ဦး ကင်း စိန်၊ ရန် ကုန် မြို့ မျက်စိအထူးကု ဆေး ရုံ ကြီး မှ ဆေးရုံအုပ်ကြီး ဒေါက် တာ ဒေါ်ကျင် စန်း ရင်၊ ခရိုင် ဆေးရုံကြီး မှ မျက်စိအထူး ကုဆရာဝန်ကြီး နှင့် ကျန်းမာရေး ဝန် ထမ်း များ အား တွေ့ရစဉ်။**



**မျက်စိခွဲစိတ်ကုအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဦးအောင်မြတ်စိုးက ခွဲစိတ်ပြီး လူနာများအား ဆောင်ရန်၊ ရှောင်ရန်များ မှာကြားနေစဉ်။**

၈နာရီမှ စတင်ခွဲစိတ်ကုသခဲ့ကြရာ ညနေ ၆ နာရီမှ ပြီးစီးခဲ့ကြသည်။ တစ်နေကုန် ပင်ပန်းရမှန်းမသိ သဒ္ဓါတရား ထက်သန်စွာ ဆောင်ရွက်ပေးခဲ့ကြသည်။ ဒီဇင်ဘာ ၁၃ ရက် နံနက် ၈နာရီခွဲတွင်မူ မျက်မှန်တပ်ဆင်ပေးရန် လိုအပ်သူ ၂၀၀ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အလှူရှင်မိသားစုများ၊ မြို့မိမြို့ဖ၊ လူမှုရေးအဖွဲ့များက မျက်မှန်များ တပ်ဆင်ပေးခဲ့ကြသည်။

ဒီဇင်ဘာ ၁၃ရက် နံနက်၉နာရီခွဲတွင် ထားဝယ်မြို့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး အစည်းအဝေးခန်း၌ အလှူငွေ ပေးအပ်ပွဲကျင်းပရာ အလှူရှင်သီဟသုဓမ္မ မဏိဇောတဓရ ဦးကင်းစိန်-ဒေါ်ရီရီစန်းမိသားစုက ထားဝယ်ပြည်သူ့ဆေးရုံကြီးဆေးပဒေသာပင်အတွက် ငွေကျပ်ငါးသိန်း၊ သွေးလှူဘဏ်အတွက် ငွေကျပ်ငါးသိန်းအပါအဝင် မျက်စိကုသမှုအလှူငွေနှင့် ကုန်ကျစရိတ် အစုစုအတွက် ငွေကျပ် ၁၀၅သိန်းကို ခရိုင်ဆေးရုံအုပ်ကြီးသို့ ပေးအပ်လှူဒါန်းသည်။

အမြင်အာရုံဆုံးရှုံးနေသူများအား အလင်းပြန်လည်ရရှိရေးအတွက်ဆောင်ရွက်ပေးသည့် စက္ခုဒါနအလင်းအလှူသည် ထူးခြား မွန်မြတ်လှသော ဒါနတစ်မျိုးဖြစ်ရာ အလှူရှင်များ၊ လုပ်အားဒါနပြုသူ ကျန်းမာရေးဝန်ထမ်းများ၊ ကူညီပံ့ပိုးသူများအဖို့ ထူးခြားသောအကျိုးတရားများ ရရှိခံစားကြရမည်သာ ဖြစ်ပါသည်။ ။



**ထားဝယ်မြို့၌ ပထမ အကြိမ် ကျင်းပသည့် မျက်စိဝေဒနာရှင်များအားအခမဲ့ကုသပေးသည့် အလှူတွင် ခွဲစိတ်ကုသမှု ခံယူခဲ့ ကြသည့် မျက်စိဝေဒနာရှင် များ အား တွေ့ ရစဉ်။**

ယခုစာမျက်နှာကို အတည်ယူပါ။

# ပြည်သူ့အကျိုးသယ်ပိုးနေသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

မောင်တင်လှိုင်(ဟိုတယ်/ ခရီး)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ မူလအဖွဲ့အစည်းမှာ(IRRAWADDY FLOTILLA Co., Ltd.)ဖြစ်ပြီး ၁၈၆၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ပုဂ္ဂလိကကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ် ဇွန်လ ၁ရက်နေ့တွင် ပြည်သူပိုင်ပြုလုပ်ခဲ့ပြီး "ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့" အမည်ဖြင့် လည်းကောင်း၊ ၁၉၇၂ ခုနှစ် မတ်လ ၁ရက်နေ့တွင် "ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း"အမည်ဖြင့် လည်းကောင်း၊ ၁၉၈၉ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် "ပြည်တွင်းရေကြောင်းပို့ဆောင်ရေး"အမည်ဖြင့် လည်းကောင်း ပြောင်းလဲ၍ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ရည်မှန်းချက်ဆောင်ပုဒ်များဖြစ်သော ရေယာဉ်နှင့်ခရီးသည် အန္တရာယ်ကင်းရှင်းရေး(Safety)၊ လုပ်ငန်းစွမ်းဆောင်မှု အပြည့်အဝပေးရေး(Service)၊ လုပ်ငန်းခွင်အသွင်အပြင် ကောင်းမွန်ရေး(Image) ဆောင်ပုဒ်နှင့်အညီ ကူးသန်းသွားလာမှုရှိသော မြစ်ကြောင်းများ (Commercially Navigable Waterways)ဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ်ရှိ ကုလားတန်မြစ်၊ လေးမြို့မြစ်၊ မေယုမြစ်နှင့် ကရင်ပြည်နယ်ရှိ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့တွင် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ခရီးသည်နှင့် မော်တော်ယာဉ်များသွားလာမှု အဆင်ပြေစေရေးအတွက် ကူးတို့လမ်းပြေးဆွဲ ဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံပိုင်အဖွဲ့အစည်းများ၏ စီမံကိန်းဝင် ကုန်ပစ္စည်းများ၊ ပို့ကုန်/သွင်းကုန်ပစ္စည်း၊ နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်သောကုန်ပစ္စည်းများ၊ သမဝါယမနှင့် ပုဂ္ဂလိကပစ္စည်းများကို နိုင်ငံတော်မှ ချမှတ်ကျင့်သုံးနေသည့် စီးပွားရေးဦးတည်ချက်နှင့်အညီ ကုန်စည်စီးဆင်းမှု မှန်ကန်ရေးအား အလေးထား ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် **"ပို့ဆောင်ခြင်းဖြင့် စီးပွားမြင့်အံ့"** ဟူသော ဝန်ကြီးဌာန၏ ရည်မှန်းချက်ပါအတိုင်း ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ကစ္စပနဒီမြစ်၊ လေးမြို့မြစ်၊ မေယုမြစ်၊ သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ်စသည်တို့တွင် ရေလမ်းခရီးမိုင်ပေါင်း ၇၉၄၃ မိုင်တွင် ရေယာဉ်အစင်းပေါင်း ၅၁၄ စင်းဖြင့် နှစ်စဉ်ခရီးသည် ၂၄ ဒသမ ၇ သန်း၊ ကုန်တန် ၄ ဒသမ ၃ သန်းကို အဆင်ပြေချောမွေ့စွာ ပို့ဆောင်ပေးလျက်ရှိသည့်အပြင် တစ်ဖက်မှ ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ နိုင်ငံသားများအား ဝန်ဆောင်မှုပေး၍ အခြားတစ်ဖက်တွင် နိုင်ငံတော်အတွက် ဝင်ငွေများ တိုးမြှင့်ရှာဖွေပေးလျက် ရှိပါသည်။

လုပ်ငန်းစွမ်းဆောင်မှုသည် ပြေးဆွဲရမည့် ခရီးလမ်းအသီးသီးအတွက် ရေယာဉ်များ ပေးစွမ်းနိုင်မှုအပေါ် မူတည်လျက်ရှိပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် သယ်ယူပို့ဆောင်ရေးဌာန၏ လိုအပ်ချက်နှင့်အညီ ရေယာဉ်များ အပြည့်အဝသုံးစွဲနိုင်ရန် ပြုပြင်ပေးနေသည့် ဒလသင်္ဘောကျင်း၊ အလုံသင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ ရတနာပုံသင်္ဘောကျင်း(မန္တလေး)၊ ချင်းတွင်းသင်္ဘောကျင်း (မုံရွာ-တည်ဆောက်ဆဲ)၊ စုစုပေါင်း သင်္ဘောကျင်း ခြောက်ကျင်းရှိပြီး လွန်းကျင်း လမ်း ၂၅ လမ်းဖြင့် တစ်ကြိမ်လျှင် ရေယာဉ် ၄၆ စင်းကို ကျင်းတင်နိုင်စွမ်းရှိကာ အများဆုံး ကျင်းတင်နိုင်သည့်ဝန်မှာ တန် ၁၄၀၀ ဖြစ်ပါသည်။

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ခေတ်စနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ အနီးကပ်ကြပ်မတ်ညွှန်ကြားသည့်အတိုင်း တိကျစွာလိုက်နာခြင်းများကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် အောင်မြင်မှုများရရှိနေခြင်း ဖြစ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးဌာနသည် အောက်ပါမူဝါဒများအပေါ် အခြေခံ၍ ဆောင်ရွက်လျက် ရှိပါသည်-

- **နိုင်ငံတော်၏စီးပွားရေးခိုင်မာတောင့်တင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာ၌ ပို့ဆောင်ရေးစွမ်းအားစုများ အပြည့်အဝအသုံးချနိုင်ရေးနှင့် အဆိုပါ ပို့ဆောင်ရေးစွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊**
- **အခြားစီးပွားရေးကဏ္ဍများ၏တိုးချဲ့ထုတ်လုပ်မှုနှင့် လူမှုရေးလိုအပ်ချက် အပေါ် အပြည့်အဝပံ့ပိုးနိုင်စေရေး၊ ပို့ဆောင်ရေးကဏ္ဍ လိုအပ်ချက်များအား ဖြည့်တင်းခြင်း၊ တိုးချဲ့ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်ရေး၊**
- **ပြည်တွင်းပြည်ပ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုံခြုံချောမွေ့စေရေး အပြင် နယ်စပ်ဒေသနှင့် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အထောက်အကူပြုရေး၊**
- **နိုင်ငံတော်အတွင်းရှိ သဘာဝသယံဇာတ မြစ်ချောင်းများကို ဆယ့်နှစ်ရာသီ စွမ်းအားပြည့် အသုံးပြုနိုင်ရေး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး၊**
- **လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ အဆင့်မီ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအဆောက်အအုံများ တိုးချဲ့တည်ဆောက်ရာတွင် လေထုနှင့် ရေထုညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်လိုက်လျောညီထွေမှု အရှိဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊**
- **အဓိကကျသည့် စီမံခန့်ခွဲမှုဆိုင်ရာ အရည်အသွေး ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုးတက်ပြောင်းလဲလာသည့် နည်းပညာများကို နားလည်တတ်ကျွမ်းသည့် ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး လေ့ကျင့်သင်ကြားပေးရေး၊**
- **နိုင်ငံတကာ အဖွဲ့အစည်းများမှ ထုတ်ပြန်ထားသည့် ဥပဒေများ၊ အက်ဥပဒေများ၊ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာ အကောင်အထည်ဖော်ရေး၊**
- **ပြည်တွင်းပြည်ပရေကြောင်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ ပို့ဆောင်ရေးကဏ္ဍကို Multimodel Transport အဖြစ် ပုံဖော်ဆောင်ရွက်ရာတွင် အစိတ် အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်ရေး၊**
- **ပြည်တွင်း၌လည်းကောင်း၊ ဒေသအတွင်း၌ လည်းကောင်း၊ ကမ္ဘာ့မိသားစုအတွင်း၌ လည်းကောင်း Transport Network တည်ဆောက်ရာတွင် အဆင်သင့်ဖြစ်စေရေး၊ လိုအပ်သည့် အစီအမံများ ချမှတ်ပြီး အပြည့်အဝ အကောင်အထည်ဖော်ရေး၊**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ရေယာဉ်စီးခရီးသည်များအတွက် နှုန်းထားများစွာ သက်သာလှသည်ကို တွေ့ရသည်။

ပန်းဆိုးတန်း-ဒလ ငွေကျပ် ၁၀၊ စဥ့်အိုးတန်း-ဆာပါချောင် ငွေကျပ် ၁၀၊ ရန်ကုန်-ခနောင်တို ငွေကျပ် ၂၀၊ ဝါးတန်း-ဆိပ်ကြီးခနောင်တို ငွေကျပ် ၂၀၊ ဝါးတန်း-ဒလ(ယာဉ်ကူးတို့) ငွေကျပ် ၅၀ စသည့် နှုန်းထားများအရ ခရီးသည်များအား သက်သာမှုကိုရစေပါသည်။ တန်ဆာခများမှာလည်း လွန်စွာ သက်သာလှပေသည်။ ထို့အပြင် အောက်ပါအချက်များကိုလည်း လေ့လာတွေ့ရှိရပါသည်-

- **ဈေးနှုန်းချိုသာခြင်း။** ပြင်ပပုဂ္ဂလိကများထက်(၃-ဆ)မှ (၅-ဆ)အထိ ချိုသာသောနှုန်းထား ဖြစ်ပါသည်။
- **အများစုသုံးစွဲခြင်း။** မြန်မာနိုင်ငံပြည်သူလူထုအများစုသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကို ယခုထက်တိုင် အများစုသွားလာမပျက် သုံးစွဲလျက်ရှိပါသည်။
- **စိတ်ချရခြင်း။** နိုင်ငံတော်မှ ကြီးကြပ်မှုအဆင့်ဆင့်ဖြင့် ကြပ်မတ်စစ်ဆေးမှုကြောင့် လိုင်စင်သက်တမ်းရှိသော ရေယာဉ်တွင် လိုင်စင်ရ ရေယာဉ်အုပ်/မှူး၊ တက်မကိုင်များ၊ စက်ခန်းအုပ်များနှင့် စစ်ဆေးစိစစ်ပြီးဖြစ်သော ရေယာဉ်ခရီးလမ်းတို့တွင် စနစ်တကျ ကြပ်မတ်မောင်းနှင်စေခြင်း၊ နှစ်စဉ်လွန်းကျင်းတင်ခြင်း။ သာမန်စက်/ကုန်းပတ် ချို့ယွင်းမှုများကိုပင် စနစ်တကျ ပြင်ဆင်စေခြင်းတို့ကြောင့် စိတ်ချရမှုရှိခြင်း။
- **ခရီးသည်များကို ဦးစားပေးခြင်း။** ခရီးသည်များအနေဖြင့် မကျေနပ်မှု၊ မပြေလည်မှုများရှိပါက အထက်အဆင့်ဆင့်သို့ တင်ပြနိုင်ခြင်း။
- **အခြားသော အစိုးရဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးနိုင်ခြင်း။** ဝန်ကြီးဌာနတွင်းဖြစ်စေ၊ အခြားဝန်ကြီးဌာနများနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ကျယ်ပြန့်သော ဆက်ဆံမှုရှိခြင်း။
- **တစ်ကြိမ်တည်းတွင် အများဆုံးတင်နိုင်ခြင်း။** ကား၊ လေယာဉ်များတွင် တင်ဆောင်နိုင်သည့် ပမာဏထက် ပိုမိုတင်ဆောင်နိုင်ခြင်း။
- **မော်တော်ယာဉ်များမောင်းတက်မောင်းဆင်းနိုင်ခြင်း။** မော်တော်ယာဉ်များ တင်ဆောင်နိုင်သော ဇက်ရေယာဉ်များဖြင့် မော်တော်ယာဉ်များကို လိုအပ်သလို မောင်းတက်မောင်းဆင်းစေနိုင်ခြင်း။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနသည် ပြည်သူများအတွက် နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် လုပ်ငန်းများ အောင်မြင်မှု ရရှိနေခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပါကစ္စတန်၌ ရထားလမ်းချော်မှုဖြစ်ပွား ၄၅ဦးသေဆုံး၊ အများအပြားဒဏ်ရာရ

**ဟိုက်ဒရာဘတ်(ပါကစ္စတန်) ဒီဇင်ဘာ ၁၉**

အားလပ်ရက်တွင် ခရီးသွားပြည်သူများ အပြည့်တင်ဆောင်လာသည့် ပါကစ္စတန်မှ အမြန်ရထားတစ်စင်းသည် ဒီဇင်ဘာ ၁၈ ရက်က လမ်းချော်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၄၅ဦး သေဆုံးပြီး လူပေါင်း ၁၀၀ ခန့်မှာ ဆေးရုံသို့ တင်လိုက်ရကြောင်း သိရသည်။

ကရာချိမြို့ တောင်ဘက်မှ လာဟိုးသို့ ပြေးဆွဲသော ကရာချိ အမြန်ရထားသည် မီရာပူရာမြို့အနီးတွင် လမ်းချော်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်ဟု အရာရှိများက ပြောကြားသည်။

အဆိုပါ မီးရထားလမ်းချော်မှုကြောင့် လူ ၄၅ဦး သေဆုံးပြီး လူဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ အရာရှိ ဖယ်ဆယ်အဒူက ပြောကြားသည်။ ထို့ပြင် လူအချို့မှာ ရထားလမ်းချော်မှုကြောင့် ပိတ်မိနေဆဲဖြစ်ရာ သေဆုံးသူဦးရေမှာ တိုးလာနိုင်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

### လမ်းချော်မှုဖြစ်ပွား

တွဲပေါင်း ၁၆ တွဲ ပါသည့်အနက် ရထား ၁၂တွဲမှာ လမ်းချော်မှုဖြစ်ပွားခဲ့သည်ဟု ရထားဌာနက ပြောကြားသော်လည်း အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိခဲ့သူ ခရိုင် ရဲအရာရှိတစ်ဦးက ၁၄ တွဲ လမ်းချော်မှုဖြစ်ပွားပြီး တိမ်းမှောက်နေကြောင်း ပြောကြားသွားသည်။

ရထား လမ်းချော်မှုကြောင့် အပျက်အစီးများအောက်မှ လူနာများကို ကယ်ဆယ်နိုင်ရန်အတွက် ဖြတ်တောက်နိုင်သည့် ကိရိယာများကို မှာယူခဲ့ရကြောင်း ဘူလိုက ပြောကြားသည်။

### ပြောကြား

ရထားလမ်းချော်မှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို မသိရှိရသေးကြောင်း ရထားဝန်ထမ်းအရာရှိများက ပြောကြားသည်။

*အမ်အင်အေ၊ရိုက်တာ။*



**ပါကစ္စတန်နိုင်ငံ၌ ကရာချိ အမြန်ရထား လမ်းချော် တိမ်းမှောက်နေသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ- အင်တာနက်)*

ကြေးမုံ The Mirror

## ကမ္ဘာမြေတစ်လွှား ဘေးအန္တရာယ်သတင်းများ

## ဒိုမီနီကန်နိုင်ငံတွင် အော်လ်ဂါမုန်တိုင်းတိုက် ၃၃ဦး သေဆုံးပြီး အိမ်ခြေ ၁၂၀၀၀ကျော်ပျက်စီး

**စန်တိုဒိုမင်ဂို ဒီဇင်ဘာ ၁၉**

ဒိုမီနီကန်နိုင်ငံတွင် ဒီဇင်ဘာ၁၈ရက်က အော်လ်ဂါအမည်ရှိ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်သွားရာ ၃၃ဦး သေဆုံးခဲ့သည်ဟု အရေးပေါ် ကယ်ဆယ်ရေး ဌာနက ပြောကြားသည်။

လေဘေးဒုက္ခသည် ၆၁၆၀၅ဦးတို့မှာလည်း ဆွေမျိုးသားချင်း မိတ်ဆွေ သင်္ဂဟအိမ်များတွင်လည်းကောင်း၊ ကယ်ဆယ်ရေးစခန်းများတွင်လည်းကောင်း သွားရောက်ခိုလှုံနေကြရကြောင်း ပြောကြားသည်။

အိမ်ခြေပေါင်း ၁၂၀၀၀ကျော်၊ ရေသွယ်မြောင်းပေါင်း ၄၃ခု၊ တံတားလေးစင်းနှင့် အဝေးပြေးလမ်းများ ပျက်စီးသွားရကြောင်း သတင်းကဖော်ပြသည်။

စန်တီယာဂိုပြည်နယ်သည် မုန်တိုင်းဒဏ်အဆိုးရွားဆုံးခံရသောပြည်နယ်ဖြစ်သည်။ ထိုဒေသတွင် အရေးပါသည့် စီးပွားရေးလုပ်ငန်းဖြစ်သော ငှက်ပျောစိုက်ခင်း အများအပြားလည်း ပျက်စီးကုန်သည်။

သဘာဝဘေးအန္တရာယ်ကျရောက်ပြီး နောက်ဆက်တွဲ ဖြစ်ပေါ်လာတတ်သော ကျန်းမာရေးပြဿနာများကို ဖြေရှင်းရန် ကျန်းမာရေးဝန်ကြီးဌာနက ကာကွယ်ဆေးထိုးသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

# မိမိကိုယ်မိမိ အားမကိုးဘဲ သူတစ်ပါးရဲ့သစ္စာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ခံယူမယ်ဆိုရင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ လက်လွတ်ဆုံးရှုံးသွားမှာဖြစ်

☆ ရှေ့ဖုံးမှ

စွန့်စားရဲကြတာဖြစ်တယ်။ နိုင်ငံနဲ့လူမျိုးအတွက် အသက်ကိုစွန့်လွှတ်မယ်ဆိုတဲ့ စိတ်ဓာတ်ဟာ မြင့်မြတ်တဲ့စိတ်ဓာတ်ဖြစ်တယ်။

**ရဲဘော်တို့–**

တပ်မတော်ရဲ့ အစဉ်အလာ(၁၂)ရပ်မှာ မျိုးချစ်စိတ်ဓာတ်ဟာ အဓိကဖြစ်တယ်။ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားတတ်ခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားတတ်ခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းအဆင်းရဲ ခံနိုင်ခြင်း၊ ဇွဲ၊ လုံ့လဝီရိယရှိခြင်းနဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ခြင်းစတဲ့ အစဉ်အလာတွေဟာ မျိုးချစ်စိတ်ဓာတ်ရှိသူအဖို့ အလွယ်တကူ သယ်ပိုးနိုင်တဲ့ အစဉ်အလာတွေပဲ ဖြစ်တယ်။ ဒါကြောင့်ရဲဘော်တို့ဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်သူတွေ ဖြစ်ကြရမယ်။

**ရဲဘော်တို့–**

မျိုးချစ်စိတ်ဓာတ်ဆိုရာမှာလဲ မှန်ကန်တဲ့ခံယူချက်ပေါ်က ပေါက်ဖွားလာတာ မဟုတ်ရင် မျက်ကန်းမျိုးချစ်ဖြစ်သွားလိမ့်မယ်။ မျက်ကန်းမျိုးချစ်ဖြစ်သွားရင် မှားယွင်းတဲ့ ယုံကြည်ချက်ကြောင့် အဖျက်သမား ဖြစ်သွားတတ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဒို့နိုင်ငံ ဒို့လူမျိုးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အလေးအနက် ယုံကြည်ခံယူကြရမယ်။

**ရဲဘော်တို့–**

ဒို့နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ် တစ်ရာကျော်တို့ တစုတပေါင်းတည်း မှီတင်းနေထိုင်ကြတဲ့နိုင်ငံဖြစ်တယ်။ ဒို့တိုင်းရင်းသားတွေဟာ ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေတစ်ရေတည်းသောက် ကြီးပြင်းလာကြတယ်။

လမ်းပန်းဆက်သွယ်မှု ခက်ခဲလို့ ဘာသာစကားမတူညီမှု၊ ရာသီဥတုကွာခြားလို့ ဝတ်စားဆင်ယင်ပုံ အမျိုးမျိုးရှိမှုကလွဲရင် စိတ်ထားဖြူစင်ခြင်း၊ စေတနာကောင်းခြင်း၊ မေတ္တာတရားရှေ့ထားပြီး ကူညီစောင့်ရှောက်တတ်ခြင်း၊ သနားကြင်နာတတ်ခြင်း၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ် ထက်သန်ခြင်းတို့ဟာ ဒို့နိုင်ငံသားတွေရဲ့ တူညီတဲ့စရိုက်လက္ခဏာတွေပဲဖြစ်တယ်။

ဒို့တိုင်းရင်းသားတွေဟာ အသက်မွေးမှုအခွင့်အလမ်းပေါ်မူတည်ပြီး နိုင်ငံတော်အတွင်းမှာ လွတ်လပ်စွာရွှေ့ပြောင်းနေထိုင်လျက်ရှိကြတယ်။ တိုင်းရင်းသားမျိုးနွယ်စုတွေဟာ တစ်နိုင်ငံလုံးမှာပျံ့နှံ့ပြီး ရေကိုသားလို့အကြားမထင်ဆိုသလို တစ်သားတည်း နေထိုင်လျက်ရှိကြတာဖြစ်တယ်။ ဒါကြောင့် ဒို့တိုင်းရင်းသားအားလုံးမှာ ပြည်ထောင်စုကိုချစ်မြတ်နိုးတဲ့စိတ်ဓာတ် ထက်သန်ကြမှသာ ပြည်ထောင်စုပြိုကွဲမယ့်အန္တရာယ်က လွတ်ကင်းမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့–**

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုတဲ့စကားဟာ မျိုးချစ်စိတ်ဓာတ်ကို အဓိကရည်ညွှန်းပြီး ဆိုလိုခြင်းဖြစ်တယ်။ မျိုးချစ်စိတ်ဓာတ်သည်သာ အင်အားကိုဖြစ်ပေါ်စေတဲ့ တစ်ခုတည်းသော အခြေခံအကြောင်းတရားဖြစ်တယ်။ တိုင်းသူပြည်သားအားလုံးဟာ မျိုးချစ်စိတ်ဓာတ်နဲ့ ခိုင်ခိုင်မာမာ စည်းလုံးညီညွတ်နေမယ်ဆိုရင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် စိတ်ချရမှာဖြစ်တဲ့နည်းတူ နိုင်ငံတော်အပေါ်ကျရောက်လာမယ့် မည်သည့်အန္တရာယ်မျိုးကိုမဆို တွန်းလှန်နိုင်မှာဖြစ်တယ်။ မိမိကိုယ်မိမိအားမကိုးဘဲ သူတစ်ပါးရဲ့သစ္စာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ခံယူမယ်ဆိုရင် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ လက်လွတ်ဆုံးရှုံးသွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

ဒါကြောင့် ရဲဘော်တို့ဟာ မျိုးချစ်စိတ်ဓာတ်နဲ့ ဇာတိသွေး ဇာတိမာန် ထက်သန်ကြဖို့လိုအပ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့–**

ရဲဘော်တို့ဟာ အင်ဂျင်နီယာ အတတ်ပညာရှင်များဖြစ်တာနဲ့အညီ ခေတ်မီတပ်မတော် တည်ဆောက်ရေးတာဝန်ကို အဓိကထမ်းဆောင်ရင်း တစ်ဖက်ကလဲ နိုင်ငံတော်အတွက် အကျိုးပြုကြရမှာဖြစ်တယ်။ ဒါကြောင့် ထူးချွန်ထက်မြက်တဲ့ သိပ္ပံပညာရှင်တွေ၊ နည်းပညာရှင်တွေ ဖြစ်ဖို့လိုတယ်။

ဒီလိုဖြစ်နိုင်ဖို့အတွက် တပ်မတော်နည်းပညာတက္ကသိုလ်အနေနဲ့လဲ သင်ကြားပေးရုံတင်မဟုတ်ဘဲသင်တန်းသားတွေကို သုတေသနလမ်းကြောင်းပေါ်ရောက်အောင် တစ်ပါတည်းတင်ပေးလိုက်ရမယ်။ တက္ကသိုလ်ကြီးကိုယ်တိုင်က စိတ်ကူးစိတ်သန်းအသစ်တွေကို စဉ်ဆက်မပြတ် ထုတ်လုပ်ပေးနေတဲ့ ဗဟိုဌာနကြီးဖြစ်ဖို့ လိုသလို ရဲဘော်တို့ကလဲ အမိတက္ကသိုလ်ကြီးရဲ့လမ်းညွှန်ချက်တွေကို စဉ်ဆက်မပြတ်ခံယူပြီး ဆတက်ထမ်းပိုးကြိုးပမ်းတီထွင်သွားကြရမယ်။ ဒါမှသာ ရဲဘော်တို့ဟာ နိုင်ငံတော်ကအားထားရတဲ့ သားကောင်းရတနာဘဝကို တက်လှမ်းနိုင်ကြမှာဖြစ်တယ်။

**ရဲဘော်တို့–**

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေးအပ်ခြင်းခံကြရမယ့် ရဲဘော်တို့ဟာ ခေါင်းဆောင်မှု အရည်အချင်းတွေကို ကိုယ်စီကိုယ်ငတည်ဆောက်ကြရမယ်။ စစ်မြေပြင်ခေါင်းဆောင်မှုအပြင် အတတ်ပညာဆိုင်ရာ ခေါင်းဆောင်မှု အရည်အချင်းတွေပါ ပြည့်စုံဖို့လိုအပ်တယ်။

စစ်မြေပြင်မှာ အောင်မြင်တဲ့ခေါင်းဆောင်တစ်ယောက်ဖြစ်ဖို့အတွက် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်နဲ့ စည်းရုံးရေးစွမ်းရည်ဆိုတဲ့ စွမ်းရည်သုံးရပ်နဲ့ ပြည့်စုံရမယ်။ ကျင့်ဝတ်သိက္ခာပိုင်းမှာ စံပြနေထိုင်ပြီး ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်နဲ့အညီ အားထုတ်ကျင့်ကြံရမယ်။ ကိုယ်ခေါင်းဆောင်ရတဲ့ တပ်ဖွဲ့ကို



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

အမြဲစည်းလုံးညီညွတ်မှုရှိနေအောင် တည်ဆောက်နိုင်စွမ်းရှိရမယ်။ ရဲစွမ်းသတ္တိနဲ့ ပြည့်စုံပြီး စစ်အောင်ရာသောအကြောင်းကြီးများကို လက်ကိုင်ထားရမယ်။ ဒါမှသာ လက်အောက်ငယ်သားများရဲ့ လေးစားအားထားယုံကြည်မှုကို ခံယူရရှိတဲ့ ခေါင်းဆောင်ငယ်တစ်ဦးဘဝကို ရရှိလာမှာဖြစ်တယ်။

အတတ်ပညာဆိုင်ရာ ခေါင်းဆောင်မှုကို ရရှိဖို့အတွက် ထိုးထွင်းကြံဆလုပ်ဆောင်တတ်မှုနဲ့ တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုဟာ အရေးကြီးတယ်။ သုတေသနလုပ်ငန်းကို စွဲစွဲလမ်းလမ်းလုပ်ကိုင်ရမယ်၊ နည်းပညာကဏ္ဍဆိုတာ တစ်ဦးချင်း စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းမှု လိုအပ်သလို အဖွဲ့လိုက်စုပေါင်းကြိုးပမ်းတီထွင်ဖို့လဲလိုအပ်တယ်။ ဒါကြောင့်ရဲဘော်တို့ဟာ နိုင်ငံတော်ရဲ့ သိပ္ပံပညာထူးချွန်တံဆိပ်တွေ၊ နည်းပညာထူးချွန်တံဆိပ်တွေ ချီးမြှင့်ခြင်းခံရတဲ့ အတတ်ပညာရှင်များဖြစ်အောင် စုပေါင်းကြိုးပမ်းအားထုတ်ကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့–**

နိဂုံးချုပ်အားဖြင့်ပြောကြားရရင် တပ်မတော်နည်းပညာတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်များနဲ့အညီ –

- **နိုင်ငံတော်ကာကွယ်ရေးတာဝန်အတွက် အတတ်ပညာရှင် သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါ။**
- **တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာတိုးတက်မြင့်မားရေးနဲ့ ခေတ်မီတပ်မတော် တည်ဆောက်ရေးမှာ အားကြိုးမာန်တက် ပါဝင်ထမ်းဆောင်ကြပါ။**
- **တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို အသက်ပေး စောင့်ထိန်းမယ့် မျိုးဆက်သစ် ခေါင်းဆောင်များဖြစ်အောင် ကျင့်ကြံဆောင်ရွက်ကြပါ။**
- **တပ်မတော်ရဲ့ သိပ္ပံနဲ့နည်းပညာအခန်းကဏ္ဍ ပိုမိုတိုးတက်အောင် ဆောင်ရွက်တဲ့နည်းတူ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ကြပါလို့မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။**

(သတင်းစဉ်)

## ကန်တော့ခံသက်ကြီးစာပေပညာရှင်ကြီးများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ အသက်၈၀နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသော ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား ယနေ့နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်) ဦးဆောင်သည့် အဖွဲ့(၁)သည် ကျောက်တံတားမြို့နယ်မှ စာရေးဆရာကြီးဒဂုံနွယ်ကသစ်၊ စာရေးဆရာကြီးဦးသန်းညွန့်၊ စာရေးဆရာကြီး ဗိုလ်မှူးကြီးသန်းညွန့်(ငြိမ်း)(မှူးသပြေ)၊ အလုံမြို့နယ်မှစာရေးဆရာမကြီး ဒေါ်ခင်ခင်စိန် (ယုဝတီရွှေဝါစိန်)၊ ကြည့်မြင်တိုင်မြို့နယ်မှ စာရေးဆရာကြီးဦးမြင့်ထူး (ပုသိမ်ဟာလဝါ)၊ ရန်ကင်းမြို့နယ်မှ စာရေးဆရာကြီး ဦးအေးဖေ (တိုင်းရင်းမေ)၊ စာရေးဆရာမကြီး ဒေါ်ခင်ခင်သိန်း (ယုဝတီမာလာသိန်း)၊စာရေးဆရာမကြီး ဒေါက်တာမြင့်မြင့်ခင်တို့အား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ကြသည်။

ထို့အတူ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသန်းလှိုင်(တက္ကသိုလ်သခ်) ဦးဆောင်သည့်အဖွဲ့(၂)သည် ပုဇွန်တောင်မြို့နယ်မှ စာရေးဆရာမကြီး ဒေါ်မြင့်သန်း (ကထိကဒေါ်မြင့်သန်း)၊ စာရေးဆရာကြီး ဦးအုန်းဖေ(တက္ကသိုလ်ဝင်းလှဲ့)၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ စာရေးဆရာကြီး ဦးရဲမြင့် (ရဲဘော်ရာကျော်)၊ ကမာရွတ်မြို့နယ်မှ စာရေးဆရာကြီး ဦးကြည်ခင် (လျှပ်စစ်စွမ်းအား)၊ စာရေးဆရာမကြီး ဒေါ်နီနီယဉ်၊ စမ်းချောင်းမြို့နယ်မှ စာရေးဆရာကြီး ဦးသန်း (ကြည့်မြင်တိုင်)၊ စာရေးဆရာမကြီး ဒေါ်ခင်စိန်(တင်တင်ခိုင်–ကေအက်စ်) တို့အား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ကြသည်။

အလားတူ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို (ကိုကိုစက်မှုတက္ကသိုလ်) ဦးဆောင်သည့်အဖွဲ့(၃)သည် ဗဟန်းမြို့နယ်မှ စာရေးဆရာမကြီးဒေါ်မြတင်၊ စာရေးဆရာမကြီး ဒေါ်စောရင် (ကြီးကြီးစော)၊ ဒဂုံမြို့နယ်မှ စာရေးဆရာကြီး ဦးဝင်းဖေ(မြဇင်)၊ မရမ်းကုန်းမြို့နယ်မှ စာရေးဆရာကြီး ဦးအုန်း၊ စာရေးဆရာမကြီး ဒေါ်ခင်သိန်း၊ တောင်ဥက္ကလာပမြို့နယ်မှ စာရေးဆရာကြီး ဦးအုန်းမောင် (ရွှေတည်လျှောင်)၊ စာရေးဆရာကြီး ဦးငွေးမောင် (ဒဂုန်တာရာ) တို့အား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ကြသည်။

သက်ကြီးစာပေ ပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲသို့ ကိုယ်တိုင် တက်ရောက်နိုင်ခြင်းမရှိသော ပြည်နယ်နှင့်တိုင်းအသီးသီးမှ သက်ကြီးစာပေပညာရှင်ကြီးများအား ဆက်လက်သွားရောက်ကန်တော့ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဒီဇင်ဘာ ၁၅ ရက်ကကျင်းပသည့် ၁၃၆၉ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကန်တော့ခံ သက်ကြီးစာပေပညာရှင်များအား အလှူငွေနှင့်ကန်တော့ခံပစ္စည်းများ ဂါရဝပြုပေးအပ်စဉ်။**
(သတင်း–ဖော်ပြပြီး) (သတင်းစဉ်)



**✪ ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဗိုလ်ချုပ်ခင်ဇော်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဋ္ဌေးဦး၊ ဦးအောင်သောင်း၊ ဗိုလ်ချုပ်စောထွန်း၊ ဦးဉာဏ်ဝင်း၊ ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဦးသောင်း၊ ဗိုလ်မှူးကြီးဇော်မင်း၊ ဒေါက်တာချမ်းငြိမ်း၊ ဗိုလ်ချုပ်လှထွန်းနှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်း၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်မှူးကြီးကျော်ညွှန့်၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ ဗိုလ်ချုပ်သန်းဋ္ဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ တပ်မတော်နည်းပညာတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒုတိယဗိုလ်မှူးကြီးဇော်မြင့်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

### အလေးပြုခြင်းကိုခံယူ

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် ဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀)မှ အကောင်းဆုံးအင်ဂျင်နီယာ ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၂၆၂) ဗိုလ်လောင်း ကျော်မျိုးအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၄၁၂) ဗိုလ်လောင်းတင်ဆန်းဦး၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၂၇၄၅) ဗိုလ်လောင်းအောင်မြင့်သန်းတို့အား ဆုများကို အသီးသီးချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများကို မိန့်ခွန်းပြောကြားသည်။

**(တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏ မိဘများအားတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ (သတင်းစဉ်)



### အကောင်းဆုံးအင်ဂျင်နီယာဆု

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀)မှ အကောင်းဆုံးအင်ဂျင်နီယာ ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းကျော်မျိုးအောင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



### လေ့ကျင့်ရေးထူးချွန်ဆု

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းတင်ဆန်းဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)



### စာပေထူး

**တပ်မတော်ကာကွယ်ရေးဦးစီ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စဉ်။**

**တပ်မတော်နည်းပညာတက္ကသို အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂု တက်ရောက်လာကြသူများအား တွေ**





**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)





## ကုန်သည်စက်မှုအသင်း
## တရုတ်ပြည်သူ့သမ္မတ

**ရန်ကုန် ဒီဇင်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမ
အထိ ကျင်းပမည့် Training Cours
Development and Cooperation ၁
မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု
အလုပ်အမှုဆောင် ဦးအောင်ခင်မြင့် ခေါင်း
ဒီဇင်ဘာ ၁၆ရက်တွင် လေကြောင်းခရီ
အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှို
အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆေ
ရရှိသည်။ **(ယာပုံ)**





## စာပေထူးချွန်ဆု

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အောင်မြင့်သန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

## အားပေးစကားပြောကြား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းသုံးဦးနှင့် မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)



တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)



# ကုန်သည်စက်မှုအသင်းချုပ် အမှုဆောင်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ဒီဇင်ဘာ ၁၇ရက်မှ ၂၀ရက်အထိ ကျင်းပမည့် Training Course on GMS Human Resource Development and Cooperation သို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အလုပ်အမှုဆောင် ဦးအောင်ခင်မြင့် ခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦးတို့သည် ဒီဇင်ဘာ ၁၆ရက်တွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)




## သပြု အထက အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပဲခူးတိုင်း ကဝမြို့နယ် သပြုကျေးရွာ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် သပြု အထကကျောင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးဖြစ်ကြသော ဦးအုန်းရွှေ(ရန်ကုန်)ဦးလှရွှေ၊ဦးစံအုန်းတင်(ကဝ)၊ ဦးစောကရောင်(ရန်ကုန်)၊ ဦးလှသောင်း၊ ဦးကိုလေး၊ ဦးမြဝေ၊ ဦးအုန်းရွှေ(သပြု)၊ ဦးသောင်းရွှေ၊ ဦးချစ်ဆွေ၊ ဦးသန်းဆွေ၊ ဦးမြင့်ဖေ၊ ဦးတင်စိုး(ဇီးကုန်း)၊ ဒေါ်နီ(ရန်ကုန်)၊ ဒေါ်တင်မြိုင်၊ဒေါ်ခင်လေး၊ဒေါ်ခင်ငွေး၊ ဒေါ်ခင်စောကြည်(ရန်ကုန်)၊ ဒေါ်နုရည်၊ ဒေါ်မြသင်း၊ ဒေါ်မြင့်သိန်း၊ ဒေါ်အေးရီတို့အား ပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေ၊ အလှူပစ္စည်းများကို ပါဝင်လှူဒါန်းလိုသူများသည် ဦးတင်လှိုင် ဖုန်း- ၅၃၅၄၁၉၊ ၅၃၀၀၁၆၊ ၅၃၄၇၈၃၊ ကိုနိုင်အောင်တိုး ဖုန်း-၂၄၄၇၇၅ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၀-၁၂-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ဘိုင်းဒါးတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၅:၀၀ ၅။ တေးဂီတအစီအစဉ်
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ မူဟာန်သွယ်သွယ်ဆိုကြမယ်
- ၅:၄၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ အတီးပြိုင်ပွဲ
- ၆:၄၅ ၁၂။ **"ငှက်တစ်သောင်း" (ကင်းကောင်၊ငှက်ပျောကြော်၊ ထူးမွန်၊အကယ်ဒမီစိုးရွှေ၊ ဦးမြင့်စိုး၊တိမ်ညွန့်) (ဒါရိုက်တာ-မောင်သီ)**
- ၇:၀၀ ၁၃။ တေးဂီတအစီအစဉ်
- ၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး တတိယချစ်ပုံပြင်" (အပိုင်း-၂၈)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ" (အပိုင်း-၁၁)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

# တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ဝါးအခြေခံလက်မှုလုပ်ငန်းများ ကြည့်ရှုအားပေး အသုတ်တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၉

**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်တို့သည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ကွင်းကောက်မြို့ နယ်မြေခံလေ့ကျင့်ရေးကျောင်းမှ ဖွင့်လှစ်သော သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီးနောက် သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ အိမ်ထောင်စုဝင်များကို တွေ့ဆုံသည်။**



**ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ငါးသိုင်းချောင်းမြို့နယ် စုပေါင်းရုံး၌ ဝါးအခြေခံလက်မှုလုပ်ငန်း လုပ်ကိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် ငါးသိုင်းချောင်းမြို့နယ် စုပေါင်းရုံး၌ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား ဒေသခံ ဝါးအခြေခံ လက်မှုလုပ်ငန်း လုပ်ကိုင်နေသူ အမျိုးသမီးများက ဝါးခမောက်နှင့် ဦးထုပ်လုပ်နည်းအား အခြေခံမှစ၍ သင်ကြားပြသမှုကိုလည်းကောင်း၊ ဒေသထွက် ဝါးအခြေခံ လက်မှုပစ္စည်း အမျိုးမျိုးကို လည်းကောင်း ကြည့်ရှုအားပေးပြီးနောက် ရေကြည်မြို့ မြို့မ အခြေခံပညာအလယ်တန်းကျောင်း၌ ဖွင့်လှစ်သင်ကြားနေသော ကျောင်းပြင်ပ မူလတန်းပညာရေး သင် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရေကြည်မြို့ ဗထူးရပ်ကွက်ရှိ ရွှေအိုးကြီး မြန်မာ့ရိုးရာကြိမ်၊ ဝါးလုပ်ငန်းသို့ ရောက်ရှိပြီး ရက်လုပ်ပြီးသော အချောထည်ပစ္စည်း အမျိုးမျိုး၊ အကြမ်းထည်ပစ္စည်း အမျိုးမျိုးနှင့် ကြိမ်များခွဲခြမ်းခြင်း၊ ရက်လုပ်နေခြင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် ကျုံပျော်မြို့သို့ ရောက်ရှိပြီး နယ်မြေခံ တပ် ဘုရင့်နောင်ခန်းမ၌ အရာရှိ၊ စစ်သည်၊ အိမ်ထောင်စုဝင် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး စကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် ကျုံပျော်မြို့နယ် ဇရပ်ကွင်းကျေးရွာရှိ ဌာနဆိုင်ရာများ၏ ခြံစည်းရိုး ကြက်ဆူ ၂၅ဧက တစ်အုပ်တစ်မ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရှင်သန်ဖြစ်ထွန်းအောင်နှင့် လျာထားဧက အပြည့်အဝ စိုက်ပျိုးသွားရေး တာဝန်ရှိသူများအား မှာကြားသည်။ ကျုံပျော်မြို့နယ်အနေဖြင့် ခြံစည်းရိုး ကြက်ဆူအား သုံးနှစ်အတွင်း ဧက ၂၈၀၀၀ လျာထားရာ ၂၀၀၆ခုနှစ်တွင် လျာထားဧက ၅၆၀အနက် ၅၆၃ဧက၊ ၂၀၀၇ခုနှစ်တွင် လျာထားဧက ၁၁၂၀၀ အနက် ၁၁၂၁၅ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၀၈ခုနှစ်တွင် ဧက ၁၆၄၂၀ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက် ရှိသည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် ရေကြည်မြို့နယ် အသုတ်တိုက်နယ်ဆေးရုံအား ကြည့်ရှုစစ်ဆေးပြီး တက်ရောက် ဆေးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ (သတင်းစဉ်)

## မြင်းခြံမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သဃ်ာန်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူ ဝိပဿနာ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

အသက် ၈၀ နှင့် အထက် အဘိုး၊ အဘွားများ၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ရန်ကုန်ရောက် မြင်းခြံမြို့နယ်သူ၊ မြို့နယ်သားများ၏ သား၊ သမီးများသည် ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ အမှတ်စာရင်း မိတ္တူနှင့် အထက်တန်းကျောင်းအုပ်ကြီး၏ ထောက်ခံစာမိတ္တူတို့နှင့်အတူ သတင်းပို့ကြရမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဒေါက်တာ ဦးဖေစိန် ဖုန်း-၅၀၃၂၇၀၊ ဦးစိန်ဝင်း ဖုန်း-၅၇၀၄၉၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၆၉၉၅၀၉ နှင့် ဦးကြည်မောင် ဖုန်း-၅၄၈၂၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဦးဒင်နီရယ်-ဒေါ်သန်းသန်း၊ သား သမီး၊ မြေးမိသားစုနှင့် ဦးအောင်ကြည်-ဒေါ်စန်းမြင့်၊ သား၊သမီး၊မြေး တစ်စုတို့က ငွေကျပ် ၁၅၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ဆေးပေါင်းခသည့်ဆေးကျူးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၁)ကြိမ်မြောက် ဆေးပေါင်းခသည့် ဆေးကျူးပွဲနှင့် တိုက်ကျွေးပွဲအထိမ်းအမှတ်အဖြစ် ဆရာတော်၊ သံဃာတော်များအား ဝတ္ထုနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပွဲကို နိုဝင်ဘာ ၂၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) ညပိုင်းတွင် ပဲခူးမြို့နယ် ဒေးစွန်ပါ ဆံတော်ရှင် စေတီတော် မြတ်ကြီး၏ တောင်ခြေရင်းကမ္ဘာလုံးခြံအတွင်းရှိ အနန္တစကြာဝဠာရာဇမုနိ စေတီတော် မြတ်ကြီးနှင့် အောင်စေ အေးစေ ဆုတောင်းပြည့် မြတ်စွာဘုရား၏ ခြေတော်ရင်းတို့၌ ကျင်းပရာ ရှေးဦးစွာ (၃၁)ကြိမ်မြောက် ဆေးပေါင်းခသည့် ဆေးကျူးပွဲနှင့် တိုက်ကျွေးပွဲ အခမ်းအနားကို ဆရာကြီး အရဟံဆရာအောင်က ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော အနန္တစကြာဝဠာ ရာဇမုနိ စေတီတော်မြတ်ကြီးအား ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် တပည့်များအား နံနက် ၂နာရီတွင် ဆရာကြီး အရဟံဆရာအောင်က ဆေးများ အခမဲ့ တိုက်ကျွေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်ပညာရေးတက္ကသိုလ်မှ တပည့်များ စုပေါင်း၍ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၆ ရက် (စနေနေ့)နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိတက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ပြုလိုပါက ဒေါက်တာလွင်လွင်စိုး (ဒုတိယပါမောက္ခချုပ် ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ညွှန်ကြားရေးမှူး(ပညာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဖုန်း-၅၀၃၁၄၇၊ ဦးအုန်းမြင့် (ကျောင်းအုပ်ကြီး/ငြိမ်း) ဖုန်း-၀၉-၈၀-၂၄၁၉၄၊ ဒေါ်တင်တင်ရှု(ဒုတိယညွှန်ကြားရေးမှူး၊သင်ရိုး၊ DEPT-ဖုန်း-၅၅၇၃၀၉၊ ဦးအောင်သွင်(လ/ထညွှန်ကြားရေးမှူး)၊ ဦးစီး(၁)ဖုန်း-၅၄၈၉၇၉၊ ဦးကျော်ကျော်(ဒုတိယညွှန်ကြားရေးမှူး) ဦးစီး(၂) ဖုန်း-၀၂-၆၆၄၀၁၊ ဦးသက်နိုင် (လ/ထညွှန်ကြားရေးမှူး) ဦးစီး(၃)ဖုန်း-၂၁၂၉၇၄၊ ဦးကျော်ဝင်းမြင့် (လ/ထညွှန်ကြားရေးမှူး)(ပညာ)ဦးစီး(၃)ဖုန်း-၂၁၂၉၆၉၊ လိုင်းခွဲ(၂၀၃)၊ ဦးအေးကြိုင်(ရခိုင်ပြည်နယ်ပညာရေးမှူး)ဖုန်း-၀၄၃-၂၃၃၈၄၊ ဒေါ်ကြူကြူရွှေ(ဦးစီးအရာရှိ) ဦးစီး(၃)ဖုန်း-၅၅၄၉၆၄၊ ဒေါ်ခင်စန်းမြင့်(ကျောင်းအုပ်ကြီး၊ အထက-၂-တာမွေ) ဖုန်း-၅၄၂၁၇၊ ဦးရှိန်းလိန်းအောင် (မြို့နယ်ပညာရေးမှူး၊ သဃ်ာန်းကျွန်း) ဖုန်း-၅၆၄၂၁၃နှင့် ဒေါ်ခင်သန်းထွေး(အထပြ/ငြိမ်း)ဖုန်း-၂၉၃၃၆၃ တို့သို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)



**မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် ရိပ်သာဆောက်လုပ်ရန်အတွက် မရမ်းကုန်းမြို့နယ် ပြည်လမ်း (၉)မိုင်သီရိရိပ်သာကွန်ဒိုနေ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ပြန်ကြားရေးနှင့် ခေတ္တ ဘဏ္ဍာရေးမှူး ဦးသန်းနှင့် ဓမ္မမိတ်ဆွေများက ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံယူစဉ်။** (ကြေးမုံ)



**ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကျွန်းကလေး၊ မြတ်သန္တာ မဟာစည်ရိပ်သာ၌ အသစ်တည်ဆောက်လျက်ရှိသော မြတ်သစ္စာသိမ်တော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေ ဒေါ်လာ ၂၀၀ ကို နယူးယောက်မြို့နေ ဦးဝင်းခင်-ဒေါ်သိန်းတင် မိသားစုက မြတ်သန္တာဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက်၏ ဆွမ်းပဒေသာပင်အတွက် နိုဝင်ဘာ ၂၀ ရက်က ကျောင်းထိုင်ဆရာတော် သာသနာပြု နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တဝိမလထံ အလှူရှင် ရန်ကုန်မြို့နေ ရုပ်ရှင်သရုပ်ဆောင် ဦးရန်ကျော်-အဆိုတော် ဒေါ်မေခလာနှင့် ညီမ မရတနာ မိသားစုတို့က ငွေကျပ်တစ်သိန်းငါးသောင်းနှင့်သင်္ကန်းငါးစုံဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



## မဟာစန္ဒာရုံ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ သိမ်ကျောင်းဆောက်လုပ်ရန် ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃)လမ်းဆုံ နွယ်ခွေလမ်းနှင့် အမှတ်(၃)လမ်းမကြီးကြားရှိ မဟာစန္ဒာရုံ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်အတွင်း တည်ဆောက်လျက်ရှိသော သိမ်ကျောင်းတော်ကြီးအတွက် ရန်ကုန်မြို့ ဒေါပုံမြို့နယ်နေ ဦးစိုးဝင်း-ဒေါ်ညွန့်ညွန့်အေး၊ သား ဇေယျာစိုး၊ ဗညားစိုး၊ သမီး နွယ်ဦးမွန် မိသားစုတို့က အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ)က လက်ခံရယူသည်။**(အပေါ်ယာပုံ)**အထက်ပါရိပ်သာ၌ ဆရာတော်ကျောင်း၊ သိမ်၊ ဓမ္မာရုံ၊ ယောဂီဆောင်အတွက် လှူဒါန်းလိုသူများ ဖုန်း-၀၉-၅၁၂၅၄၅၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

# ဒေဝူးလျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးနှင့် ဝန်ဆောင်မှုအာမခံချက်များကို ရှင်းလင်းပြသသည့် အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၉

OK Myanmar Co., Ltd. ၏ ဒေဝူး လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးနှင့် ဝန်ဆောင်မှု အာမခံချက်များ ရှင်းလင်းပြသခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် Excel Treasure Hotel (၁၀)ထပ်ရှိ Crystal Jade ခန်းမ၌ကျင်းပရာ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ၍ OK Myanmar Co., Ltd. မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနား ကျင်းပရသည့် အကြောင်းအရင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းမြင့်လှိုင်က ဒေဝူးလျှပ်စစ်ပစ္စည်းများကို နိုင်ငံတကာတွင် ကျယ်ပြန့်စွာ လက်ခံသုံးစွဲနေသည့် အခြေအနေများ၊ ဒေဝူး၏ အစဉ်အလာအရ အရည်အသွေးနှင့် ဝန်ဆောင်မှုကိုအလေးထား ထုတ်လုပ်ဖြန့်ချိသည့် အခြေအနေများကိုလည်းကောင်း၊ အကြီးတန်း အထွေထွေမန်နေဂျာ ဒေါ်သန့်သန့်ဇင်က ဒေဝူးလျှပ်စစ်ပစ္စည်းများ မြန်မာနိုင်ငံ ဈေးကွက်တွင် ဖြန့်ဖြူးနေသည့် လုပ်ငန်းများ၊ ဝယ်ယူသုံးစွဲသူများ အဆင်ပြေချောမွေ့စွာဝယ်ယူသုံး စွဲနိုင်ရေးအတွက် ကုမ္ပဏီနှင့် ဒေဝူးအရောင်းကိုယ်စားလှယ်များ ပူးပေါင်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဈေးကွက်နှင့် အရောင်းမန်နေဂျာ ဒေါ်နန်းကြည်ကြည်ပိုင်က ဒေဝူးလျှပ်စစ်ပစ္စည်းများ၏ အဆင့်မြင့်နည်းပညာ အသုံးပြုထုတ်လုပ်ထားသည့် အခြေအနေနှင့်ထူးခြားသည့် အရည်အသွေးများကိုလည်းကောင်း၊ ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာ ဦးနေမျိုးအောင်က ဒေဝူးလျှပ်စစ်ပစ္စည်းများ ဝယ်ယူသုံးစွဲသူများ ရရှိခံစားရမည့် ကုမ္ပဏီဝန်ဆောင်မှု အာမခံချက်နှင့် ဝန်ဆောင်မှု လုပ်ငန်းများ ထိရောက်စွာဖြည့်ဆည်းလုပ်ဆောင်ပေးနိုင်ရန် ဒေဝူး ကော်ပိုရေးရှင်း၏ပံ့ပိုးဆောင်ရွက်ပေးမှု အခြေအနေများနှင့် ကုမ္ပဏီ၏စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အခမ်းအနားအပြီးတွင် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဧည့်သည်များသည် ခင်းကျင်းပြသထားသည့် ဒေဝူးလျှပ်စစ်ပစ္စည်းများနှင့် ဒေဝူး လျှပ်စစ်ကော်ပိုရေးရှင်းက ပံ့ပိုးထားသည့် အပိုပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

OK Myanmar Co., Ltd. သည် ကိုရီးယားသမ္မတနိုင်ငံထုတ် ဒေဝူးလျှပ်စစ်ပစ္စည်းများကို မြန်မာနိုင်ငံ ဈေးကွက်၌ ဖြန့်ဖြူးနေသည့် တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်၍ တင်သွင်းဖြန့်ဖြူးသည့် ဒေဝူးလျှပ်စစ်ပစ္စည်းများသည် ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးမူရင်း စက်ရုံများမှ ထုတ်လုပ်ထားသည့် ပစ္စည်းများဖြစ်ပြီး ထုတ်လုပ်သည့်နိုင်ငံ၊ အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီးသည့် ပစ္စည်းများဖြစ်သည်။ လွယ်လင့်တကူ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် အရောင်းကိုယ်စားလှယ်များမှတစ်ဆင့် နယ်မြို့များအထိ ဖြန့်ဖြူးထားပြီး ဈေးနှုန်းများနှင့် ကုမ္ပဏီ၏ ဝန်ဆောင်မှု အာမခံချက်များကိုလည်း ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် တစ်ပြေးညီရရှိခံစားနိုင်ရန် ကုမ္ပဏီနှင့် အရောင်းကိုယ်စားလှယ်များက ပူးပေါင်းစီစဉ်ထားသည်။ အသေးစိတ်သိရှိလိုပါက အနယ်နယ်အရပ်ရပ်ရှိ ဒေဝူးလျှပ်စစ်ပစ္စည်း အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် OK Myanmar Co.,Ltd. (ရုံးချုပ်) အမှတ် (၁၆၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ဖုန်း-၃၇၇၆၂၇၊ ၃၉၂၉၈၆၊ ၃၉၂၉၈၇၊ ၃၉၂၉၉၇ နှင့် ကုမ္ပဏီ အရောင်းဆိုင်များ၊ (ရန်ကုန်) Daewoo Showroom - အမှတ် (၁၇၅)၊ ဗိုလ်အောင်ကျော်လမ်း၊ ဖုန်း-၂၅၆၉၄၇၊ HQ(I) Showroom - အမှတ်(၁၂၄)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ဖုန်း-၃၇၆၉၉၇၊ HQ(I) Showroom- အမှတ်(၂၀၁/၂၀၃)၊ ပန်းဆိုးတန်းလမ်း၊ ဖုန်း-၂၄၁၀၇၇၊ ၃၈၇၆၄၄၊ (နေပြည်တော်) Pyinmana Sale & Service Centre- (ယ-၄/၂၈)၊ ရန်အောင်(၁) ရပ်ကွက်၊ ဘီအိုစီ၊ နေပြည်တော် ပျဉ်းမနား ဖုန်း - ၀၆၇-၂၂၉၅၃၊ (မန္တလေး)- Daewoo Showroom အမှတ်(၁၃၅)၊ (၈၄)လမ်း (၃၀x၃၁) ကြား ဖုန်း-၀၂-၃၁၅၈၂ တို့နှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းလိုပါက Yangon Service Centre အောင်သပြေလမ်းနှင့်ပိတောက်လမ်းထောင့်၊ ယုဇနပလာဇာ နောက်ကျော မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း- ၂၉၉၄၀၁၊ ၂၉၈၄၉၁၊ ၀၉-၉၉-၂၆၅၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)





**နှုတ်ခွန်းဆက်ပြောကြား**

OK Myanmar Co., Ltd. **မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်ဝိတ် ဒေဝူးလျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးနှင့် ဝန်ဆောင်မှုအာမခံချက်များ ရှင်းလင်းပြသခြင်း အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)

OK Myanmar Co., Ltd. **မှ ခင်းကျင်းပြသထားသည့် ဒေဝူးလျှပ်စစ်ပစ္စည်းများနှင့် အပိုပစ္စည်းများကို တွေ့ရစဉ်။** (သတင်းစဉ်)



# ပန်းပျိုးလက် စာကြည့်တိုက် ဓမ္မသဘင် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် မဟာသိရီ မင်္ဂလာရာမကျောင်းတိုက် အတွင်းရှိ ပန်းပျိုးလက်စာကြည့်တိုက် တည်ထောင်ခြင်း သုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၀ ရက်တွင် မေတ္တာအေး ဆရာတော် အရှင်သုဇာတ၊ ၂၁ ရက်တွင် အရှင်ဇဝန (မောင်ချစ်ညို-ပဲခူး)၊ ၂၂ ရက်တွင် ရွှေကန် အရှင်ဩဘာသသိရီ ဓမ္မကထိက ဆရာတော် အရှင်သူမြတ်တို့က ညစဉ် ၇ နာရီခွဲတွင် လောကမှန်ကူ ဆုတောင်းပြည့်ဘုရားရင်ပြင်၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## ကြေးမုံ မှုခင်းသတင်းများ

# ဆင်ဆာမဲ့ဗွီစီဒီအခွေအငှားဆိုင်များကို ဖမ်းဆီးအရေးယူ

ရန်ကုန် ဒီဇင်ဘာ ၁၉

ဆင်ဆာမဲ့ နိုင်ငံခြားဗွီစီဒီအခွေများ ငှားရမ်းနေကြောင်း သတင်းအရ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရဲစခန်းမှ ဒုရဲအုပ်တင်မြင့်နှင့် တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၈ရက် နံနက် ၉နာရီ ၄၅မိနစ်မှ ၁၀နာရီ ၄၅မိနစ်ခန့်အထိ ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ (၁၀၇)ရပ်ကွက်၊ လှော်ကားလမ်းရှိ အောင်ဇော်မျိုး(၃၁)နှစ် (ဘ)ဦးကြည်အုန်း၏ "အနီရောင်တက္ကစီ" အခွေအငှားဆိုင်မှ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်း ဗွီစီဒီအချပ် ၁၅၀၊ အယ်လ်ဘမ်ခြောက်အုပ်ကိုလည်းကောင်း၊ (၇၂)ရပ်ကွက်၊ သပြေလမ်းရှိ အောင်တိုး(၂၉)နှစ် (ဘ)ဦးအောင်ညွန့်၏ "အောင်သရဖူ" အခွေအငှားဆိုင်မှ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်း ဗွီစီဒီ ၁၁၃ချပ်၊ အယ်လ်ဘမ်ကိုးအုပ်ကိုလည်းကောင်း၊ (၇၀)ရပ်ကွက်၊ လှော်ကားလမ်းရှိ မအေးသီတာထွန်း(၂၃)နှစ် (ဘ)ဦးအောင်ထွန်းသာ၏ "တော့ပ်" အခွေအငှားဆိုင်မှ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်းဗွီစီဒီအချပ် ၇၀၊ အယ်လ်ဘမ် နှစ်အုပ်ကိုလည်းကောင်း၊ (၇၂)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၅၆၆)ရှိ သိန်းထိုက်(၃၇)နှစ် (ဘ)ဦးတင်ဝင်း၏ "ဖက်တီး" အခွေအငှားဆိုင်မှ ဆင်ဆာမဲ့ နိုင်ငံခြားဇာတ်လမ်း ဗွီစီဒီအချပ် ၁၄၀၊ အယ်လ်ဘမ်သုံးအုပ်ကိုလည်းကောင်း အသီးသီး သိမ်းဆည်းရမိခဲ့သည်။ ၎င်းတို့လေးဦးအပေါ် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရဲစခန်းက (ပ)သတင်းချက်အမှတ် ၁၂၄၀/၂၀၀၇မှ ၁၂၄၃/၂၀၀၇ အထိ အမှုလေးမှုခွဲ၍ မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂အရ အမှုဖွင့် အရေးယူထားကြောင်းသိရသည်။ (သတင်းစဉ်)

# လှိုင်သာယာ (၃၆) ယာဉ်လိုင်းမှယာဉ်တစ်စီး ဂက်စ်ပိုက်ပြတ်ပြီး မီးလောင်

ရန်ကုန် ဒီဇင်ဘာ ၁၉

လှိုင်သာယာမြို့နယ်တွင် ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီခန့်က ရန်ကုန်-ပုသိမ်လမ်းအတိုင်း ဒဂုံဧရာအဝေးပြေးဂိတ်မှ ဒဂုံတက္ကသိုလ်သို့ ပြေးဆွဲသော အမှတ်(၃၆) ယာဉ်လိုင်းမှ ယာဉ်မောင်း ဝင်းမြင့်(တိမ်းရှောင်) မောင်းနှင်သည့် ဖူဆိုအမျိုးအစား ယာဉ်အမှတ် ၅ခ/၃၄၉၀ သည် ခရီးသည် ၃၀ ခန့် တင်ဆောင်၍ ဒဂုံဧရာ အဝေးပြေးဂိတ်မှ မောင်းနှင်လာစဉ် သ/မ ကုန်းအဝိုင်းထိပ်၌ ကားနောက်ခန်းဝဲဘက်ခြမ်းရှိ ဂက်စ်အဝင်ဆက်သွယ်ရေးပိုက်ပြတ်ပြီး မီးလောင်ခဲ့သည်။ မီးလောင်မှုကို ပတ်ဝန်းကျင်မှ ပြည်သူများနှင့် လှိုင်သာယာမြို့နယ် မီးသတ်ဦးစီးမှူး ဦးဝင်းတင် ဦးဆောင်သော မီးသတ်ယာဉ်တစ်စီးက ငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

ကားမီးလောင်မှုနှင့် ပတ်သက်၍ လှိုင်သာယာမြို့နယ် သောင်ကြီး ရဲစခန်းက ယာဉ်နောက်လိုက် ခင်ဇော်ကို အမှုဖွင့်အရေးယူထားပြီး ဝင်းမြင့်ကို ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

# ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူများ လက်နက်အားကိုးဖြင့် ခရီးသည်တင်မော်တော်ယာဉ်အား ဆွဲမိုင်းဖောက်ခွဲပြီး လက်နက်ငယ်များဖြင့်ပစ်ခတ်၍ အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရ

နေပြည်တော် ဒီဇင်ဘာ ၁၉

**ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုး အနိုင်ကျင့်ဗိုလ်ကျခြင်း၊ လူသတ်၊ မိုင်းထောင်၊ လုယက်၊ ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ မီးရှို့ဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။**

ဒီဇင်ဘာ ၁၈ရက် နံနက်ပိုင်းတွင် ကော့ကရိတ်မှ မြဝတီသို့ထွက်ခွာလာသော ခရီးသည်တင် မော်တော်ယာဉ်တစ်စီးအား နံနက် ၇နာရီ ၄၅မိနစ်ခန့်တွင် အောက်ဘိုတဲနှင့် ရေတံခွန်လေးကြားအရောက်၌ ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူ ခုနစ်ဦးခန့်က ဆွဲမိုင်းတစ်လုံး ဖောက်ခွဲ၍ လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည် ဘီးလင်းမြို့နယ်မှ မဇင်မာထွေး(၃၀)နှစ်နှင့် ၎င်း၏ နို့စို့အရွယ် လူမမယ်သမီးလေး တစ်ဦး၊ ကျောက်ကြီးမြို့နယ်မှ မောင်နေဝင်း(၂၀)နှစ်နှင့် မောင်စိန်ထွန်းနိုင်(၁၉)နှစ်၊ ကျိုက်ထိုမြို့နယ်မှ မစန်းစန်းထွေး(၂၅)နှစ်၊ ကော့ကရိတ်မြို့နယ်မှ ဒေါ်မိရယ် (၄၂)နှစ်၊ ဘီးလင်းမြို့နယ်မှ မလှကြည် (၃၆)နှစ်နှင့် ဒီကေဘီအေမှ စောဖေအောင် စုစုပေါင်း ရှစ်ဦးသေဆုံးခဲ့ပြီး လှိုင်းဘွဲ့မြို့နယ်မှ ဦးဇာလောကေ (၃၃)နှစ်၊ ကမမောင်းမြို့နယ်မှ ဒေါ်နုခင် (၇၀)နှစ်၊ ကော့ကရိတ်မြို့နယ်မှ ဦးမောင်နှင်း (၈၀)နှစ်၊ ကျောက်ကြီးမြို့နယ်မှ မောင်မင်းဇေယျာစိုး (၁၉)နှစ်၊ ဘားအံမြို့နယ်မှ မဝင်းနန္ဒာ (၅)နှစ်နှင့် ဒီကေဘီအေမှ စောမျိုး စုစုပေါင်း ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိကြသည့် လူနာများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်၍ လိုအပ်သော ပံ့ပိုးကူညီမှုများနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူများနောက်သို့ နယ်မြေခံ တပ်မတော် စစ်ကြောင်းများက ထက်ကြပ်လိုက်လံ ရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူများ ဆွဲမိုင်းတစ်လုံး ဖောက်ခွဲပြီး လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသူ ခရီးသည် အမျိုးသားတစ်ဦးအား တွေ့ရစဉ်။**

(သတင်းစဉ်)



**ကေအင်န်ယူ အကြမ်းဖက်သောင်းကျန်းသူများ ဆွဲမိုင်းတစ်လုံး ဖောက်ခွဲပြီး လောင်ချာ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးသူ ခရီးသည် အမျိုးသမီးတစ်ဦးအား တွေ့ရစဉ်။**

(သတင်းစဉ်)

## ပြည်သူ့ဆန္ဒ သဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက် မိန့်ခွန်းပြောကြား



နေပြည်တော် ဒီဇင်ဘာ ၁၉

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာ တက္ကသိုလ်စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် မိန့်ခွန်းပြောကြား သည်။**

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

**တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အား ဗိုလ်လောင်းတပ်ခွဲများ ချီတက်အလေးပြုကြစဉ်။**

(သတင်းစဉ်)

